မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်၊ ၂၀၁၂ ခုနှစ်၊ မတ် ၂၃ ရက်၊ သောကြာနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၇၅)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

ပါကစ္စတန်သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၃

၂၀၁၂ ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်သော ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အာဆစ်ဖ် အလီ ဇာဒါရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

အမွေခံကောင်းတွေပေးခဲ့

“တိုင်းပြည်ဖရိုဖရဲပြိုကွဲတော့မယ့်အခြေအနေမျိုးနဲ့ ကြုံတွေ့ရတဲ့အခါတိုင်း၊ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ ဆုံးပါးရတော့မယ့် အခြေအနေမျိုးဖြစ်ပေါ်လာတိုင်း တာဝန်သိပြီး သစ္စာရှိတဲ့တပ်မတော်ဟာ တိုင်းပြည်ကို ဝင်ရောက်ကယ်တင်ထိန်းကျောင်းပေးခဲ့ရတာ အကြိမ်ကြိမ်ရှိခဲ့ပါတယ်။ တပ်မတော်အစိုးရက နိုင်ငံတော်ကို အသစ်ပြန်လည်တည်ဆောက်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်အဖြစ် ဆက်လက်တည်ဆောက်ဖို့ အမွေခံကောင်းတွေ ပေးထားခဲ့ပြီးဖြစ်ပါတယ်။ တပ်မတော်အစိုးရက အသင့်ခင်းပေးထားတဲ့လမ်းကိုလျှောက်၊ အသင့်ထိုးပေးထားတဲ့ တံတားကိုဖြတ်ကျော်ပြီး ပိုမိုတည်ငြိမ်အေးချမ်းသောနိုင်ငံ၊ ပိုမိုဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်အောင် ကျွန်တော်တို့အစိုးရသစ်အနေနဲ့ အခြေအနေအချိန်အခါနဲ့ လိုက်လျောညီထွေရှိတဲ့ မူဝါဒတွေ၊ လုပ်ငန်းစဉ်တွေကိုချမှတ်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။”

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
(၃၀–၃–၂၀၁၁ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး၌ ပြောကြားသည့် မိန့်ခွန်းကောက်နုတ်ချက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

ပါကစ္စတန်ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၃

၂၀၁၂ ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်သော ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆာအိဒ်ယူဆွတ် ရာဇာဂီလာနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကျင်းပ

မေးခွန်း (၁)ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်းနှင့် ဆွေးနွေးခြင်းတို့ဆောင်ရွက်

နေပြည်တော် မတ် ၂၂

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီ ၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၅၀၈)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ မေးခွန်း (၁)ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်းနှင့် ဥပဒေကြမ်း (၁)ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

မေးခွန်းမေးမြန်းခြင်းကဏ္ဍ၌ ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီ၏ **မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၏ ပင်လယ်ပြင်နှစ်နိုင်ငံနယ်နိမိတ်နှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ ပင်လယ်သမုဒ္ဒရာဥပဒေဆိုင်ရာတရားရုံးက နှစ်ဖက်လျှောက်လဲချက်များကို ကြားနာပြီး ၂၀၁၂ ခုနှစ် မတ်လ ၁၄ ရက်တွင် အပြီးသတ်ဆုံးဖြတ်ချက် ချမှတ်ပြီးဖြစ်ရာ မြန်မာနိုင်ငံက ရှာဖွေတွေ့ရှိထားသည့် A1/A3 သဘာဝဓာတ်ငွေ့သိုက်များနှင့် လွတ်ကင်းခြင်း ရှိ/မရှိနှင့် နယ်နိမိတ်ဆုံးဖြတ်ချက်အခြေအနေတို့ကို မြန်မာပြည်သူပြည်သားများသို့ ဤလွှတ်တော်မှတစ်ဆင့် ဖြေကြားပေးပါရန်** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က မြန်မာ-ဘင်္ဂလားဒေ့ရှ် ပင်လယ်ရေနယ်နိမိတ်သတ်မှတ်ရေးအမှုနှင့် ပတ်သက်၍ အပိုင်း(၁)ဆွေးနွေးပွဲများ၊ အပိုင်း(၂) ITLOS ၌ တရားစီရင်ခြင်းနှင့် အပိုင်း(၃) အထွေထွေအပိုင်းအဖြစ် အပိုင်း(၃)ပိုင်းခွဲ၍ ရှင်းလင်းတင်ပြသွားမည်ဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ရေနယ်နိမိတ်ချင်းထိစပ်နေသည့် နိုင်ငံများဖြစ်ပြီး နှစ်နိုင်ငံအကြား ပိုင်နက်ပင်လယ်၊ ကမ်းလွန်ရေတိမ်ပိုင်းနှင့် သီးသန့်စီးပွားရေးဇုန်နယ်နိမိတ်ကို သတ်မှတ်နိုင်ရေးအတွက် ၁၉၇၄ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ ကျင်းပခဲ့ပါကြောင်း၊ ဤဆွေးနွေးပွဲများတွင် နှစ်နိုင်ငံတူညီသော အခြေခံ (common ground) ကို မတည်ဆောက်နိုင်သဖြင့် တိုးတက်မှု တစ်စုံတစ်ရာမျှမရရှိခဲ့ဘဲ ၁၉၈၆ ခုနှစ်တွင် ဆွေးနွေးပွဲများကို ၂၀ နှစ်ကြာ ရပ်ဆိုင်းခဲ့ပါကြောင်း၊ သို့သော် ၂၀၀၈ ခုနှစ် အောက်တိုဘာတွင် မြန်မာနိုင်ငံနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ရေနံလုပ်ကွက် AD-7 တွင် တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နေသော တိုင်းတာရေးသင်္ဘောအား ဘင်္ဂလားဒေ့ရှ်ရေပိုင်နက်အတွင်း ကျရောက်နေကြောင်းနှင့် တိုင်းတာမှုကိုရပ်ဆိုင်းရန် ဘင်္ဂလားဒေ့ရှ်က တောင်းဆိုသည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ပါကြောင်း။

နှစ်နိုင်ငံအကြားတင်းမာမှုများအား ရှောင်ရှားနိုင်ရန်အတွက် ပင်လယ်နယ်နိမိတ်သတ်မှတ်ရေး ကျွမ်းကျင်သူအဆင့် ဆွေးနွေးပွဲများကို ၂၉-၃-၂၀၀၈ ရက်နေ့မှ ၁၈-၃-၂၀၁၀ ရက်အထိ (၆)ကြိမ် ပြန်လည်ပြုလုပ်ခဲ့ပါကြောင်း၊ ဆွေးနွေးပွဲများ ပြန်လည်ကျင်းပနေချိန်ကာလအတွင်းမှာပင် ဘင်္ဂလားဒေ့ရှ်ဘက်က အနညာတစီရင်ဆုံးဖြတ်ခြင်းခုံအဖွဲ့ ဖွဲ့စည်းဖြေရှင်းရန် မြန်မာဘက်သို့ အကြောင်းကြားခဲ့ပါကြောင်း၊ ထိုသို့ ဖွဲ့စည်းဖြေရှင်းရာတွင် နှစ်နိုင်ငံ ခုံသမာဓိလူကြီးများအား ရွေးချယ်မှုတွင် သဘောတူညီမှု မရရှိခဲ့သဖြင့် ဤပင်လယ်နယ်နိမိတ်သတ်မှတ်ရေးအငြင်းပွားမှုအား ITLOS သို့ တင်သွင်းဖြေရှင်းရန် နှစ်နိုင်ငံသဘောတူညီခဲ့ပါကြောင်း၊ နှစ်နိုင်ငံပြန်လည်ဆွေးနွေးနေစဉ်ကာလများတွင်လည်း ဘင်္ဂလားဒေ့ရှ်က ၁၉၅ ဒီဂရီမျဉ်းကိုပင် ထပ်မံ၍ တောင်းဆိုခဲ့သည့်အတွက် နှစ်နိုင်ငံအကြား သဘောတူညီချက် တစ်စုံတစ်ရာမျှ မရရှိခဲ့၍ မြန်မာနိုင်ငံသည် နောက်ဆုံးတွင် တရားဥပဒေအရဖြေရှင်းရန်နည်းလမ်းကို ရွေးချယ်ခဲ့ပါကြောင်း၊ ကွန်ဗင်းရှင်းဝင်နိုင်ငံတစ်နိုင်ငံ၏ တာဝန်ရှိမှုအရလည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအနေဖြင့် ပဋိညာဉ်စာတမ်းနှင့်အညီ အငြင်းပွားမှုကို ဖြေရှင်းရန်လည်းကောင်း ရည်ရွယ်ရွေးချယ်ခြင်းဖြစ်ပါကြောင်း။

ITLOS တွင် မြန်မာနိုင်ငံ၏ အကျိုးစီးပွားကို ဥပဒေဘောင်အတွင်းမှ အစွမ်းကုန်အကာအကွယ်ပေးနိုင်ရန်၊ မြန်မာနိုင်ငံက ဥပဒေအရ ရသင့်ရထိုက်သည့် ပင်လယ်ဧရိယာ ရရှိစေရန်၊ မိမိပိုင် ပင်လယ်ဧရိယာ

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၂၅)ရက်မြောက်နေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

မဆုံးရှုံးစေရန် အထူးလုပ်ငန်းဦးစီးအဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးအား ဥက္ကဋ္ဌအဖြစ် တာဝန်ပေး ဖွဲ့စည်းခဲ့ပါကြောင်း၊ အထူးလုပ်ငန်းဦးစီးအဖွဲ့၏ကြီးကြပ်မှုဖြင့် ဥပဒေကျွမ်းကျင်သူအဖွဲ့နှင့် နည်းပညာကျွမ်းကျင်သူအဖွဲ့တို့ကို ဖွဲ့စည်းပြီး တာဝန်ပေးလေ့လာစေခဲ့ပါကြောင်း၊ ယင်းဥပဒေ၊ နည်းပညာကျွမ်းကျင်အဖွဲ့သည် ITLOS သို့ သွားရောက်နိုင်ရန် ဥပဒေ၊ နည်းပညာဘက်ပေါင်းစုံမှ ပြင်ဆင်ဆောင်ရွက်ထားရှိခဲ့ပါကြောင်း၊ ထို့အတူ မိမိဥပဒေ၊ နည်းပညာကျွမ်းကျင်အဖွဲ့များနှင့် ပေါင်းစည်းညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာ ဥပဒေပညာရှင်များ၊ တိုင်းတာရေးပညာရှင်များကို ငှားရမ်းဆောင်ရွက်ခဲ့ပါကြောင်း။

ITLOS တွင် ဖြေရှင်းရန်အတွက် မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်အဖြစ် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ဆောင်ရွက်ခဲ့ပြီး ဒုတိယကိုယ်စားလှယ်များအဖြစ်

စာမျက်နှာ ၃ ကော်လံ ၁ ◆

ကြို့ပင်ကောက်မြို့နယ်၌ အစုလိုက်ဝက်သက်ကာကွယ်ဆေးထိုး

ကြို့ပင်ကောက် မတ် ၂၂

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ပန်းတင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းကို မတ် ၂၂ ရက် နံနက် ၇ နာရီက ကျင်းပရာ အခမ်းအနားကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဝင်းအောင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်ရီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရပ်ကွက်အတွင်းရှိ ကိုးလအရွယ်မှ ငါးနှစ်အထိ ကလေးများအား အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းကို ကျန်းမာရေးဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့များက ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရှိရသည်။ (၁၁၁)

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် မတ် ၂၃ ရက်)

မီဒီယာနောင်အရှည်ကောင်းစေဖို့

မီဒီယာဟူသည့် ကြားခံအသိပေး ဆောင်ရွက်လုပ်ကိုင်ရသည့် လူထုဆက်သွယ်ရေး အတတ်ပညာတစ်ရပ်ဖြစ်၏။ မီဒီယာသမားတို့အနေဖြင့် ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်တည့်မတ်ခိုင်မာရေးအတွက် ဆန္ဒ၊ အဂတိမပါဘဲ ဓမ္မဓိဋ္ဌာန်ကျကျ မှန်မှန်ကန်ကန် ရေးသားကြရ၏။ မီဒီယာသမားတို့သည် မီဒီယာလုပ်ငန်း ဆောင်ရွက်လုပ်ကိုင်ရာတွင် လွတ်လပ်မှု၊ တာဝန်ယူမှု၊ တာဝန်သိမှုတို့ဖြင့် လုပ်ကိုင်ကြရန် အထူးအရေးကြီးလှပေသည်။ ဤသို့ မီဒီယာလုပ်ငန်းကို ဥပဒေနှင့်အညီ လွတ်လပ်စွာ လုပ်ကိုင်နိုင်ရန်အလို့ငှာ ပုံနှိပ်မီဒီယာ ဥပဒေမူကြမ်းကိုလည်း ရေးဆွဲနေပြီဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၀၈ ခုနှစ်ကစပြီး ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသော နိုင်ငံသားများ၏ အခွင့်အရေးများကို ဥပဒေနှင့်အညီ ကျင့်သုံးနိုင်ရန်အတွက် မီဒီယာပြုပြင်ပြောင်းလဲမှုများကို အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်ခဲ့ပေသည်။ ပထမအဆင့်မှာ တည်ဆဲဥပဒေဖြစ်သော **The Registration of Printers and Publishers Law (1962)** မှ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များကို အသုံးပြုပြီး စာပေစိစစ်ရေးမူများကို အဆင့်ဆင့် လျှော့ပေါ့ပေးခဲ့သည်။ ထိုသို့ ဆောင်ရွက်ရခြင်းမှာ ပြည်တွင်းစာနယ်ဇင်းများအနေဖြင့် နောင်ပေါ်ပေါက်လာမည့် ပုံနှိပ်မီဒီယာဥပဒေသစ်များနှင့် သဟဇာတဖြစ်ဖြစ် ဆောင်ရွက်နိုင်ရေးအတွက် အလေ့အကျင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ခြင်းလည်း ဖြစ်သည်။ ထို့ကြောင့် ယနေ့ဆိုလျှင် ဂျာနယ် ၁၇၃ စောင်နှင့် မဂ္ဂဇင်း ၁၂၄ စောင်တို့သည် စာပေစိစစ်ကို ကြိုတင် တင်ပြရန်မလိုဘဲ ထုတ်ဝေနိုင်ခွင့်ရှိနေပြီ ဖြစ်သည်။

ဒုတိယအဆင့်အနေဖြင့် **The Registration of Printers and Publishers Law (1962)** ကို ဖျက်သိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သတင်းလွတ်လပ်ခွင့်ကို ကျင့်သုံးနိုင်မည့် ပုံနှိပ်မီဒီယာဥပဒေတစ်ခုကို အသစ်ပြန်လည်ရေးဆွဲရန် ဆောင်ရွက်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၀၈ ခုနှစ်မှ စတင်ပြီး ဒေသတွင်းမီဒီယာ အဖွဲ့အစည်းများ၏ အကူအညီဖြင့် နိုင်ငံတကာ မီဒီယာဥပဒေများကို လေ့လာခြင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းစာနယ်ဇင်းများက သတင်းလွတ်လပ်ခွင့်၊ စာနယ်ဇင်းကျင့်ဝတ်တို့နှင့် ပတ်သက်သည့် ရေးသားချက်များကို လေ့လာစုဆောင်းခြင်းတို့ကို ပြုလုပ်ခဲ့သည်။

ယခုဆိုလျှင် ပြန်ကြားရေးဝန်ကြီးဌာနမှ ရေးဆွဲသည့် ပထမမူကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံးက လေ့လာပြီး အကြံပြုချက်များနှင့် ပြန်လည်ပေးပို့ခဲ့သည့်အတွက် ဒုတိယမူကြမ်းကို ပြန်လည်ရေးသားရန် ဆောင်ရွက်နေပြီဖြစ်သည်။ အဆိုပါ ဥပဒေမူကြမ်းကို နောက်တစ်ကြိမ်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်း အဝေးတွင်တင်သွင်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို ခံယူမည်ဖြစ်သည်။

တတိယအဆင့်မှာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည့် ပုံနှိပ်မီဒီယာဥပဒေနှင့်အညီ စာနယ်ဇင်းများက လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားတို့ကို ဟန်ချက်ညီညီကျင့်သုံးနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက ကူညီပံ့ပိုး ဆောင်ရွက်ပေးခြင်းပင်ဖြစ်သည်။

ယခုအသစ်ပြန်လည်ရေးဆွဲနေသော ပုံနှိပ်မီဒီယာဥပဒေသည် စာနယ်ဇင်းလွတ်လပ်ခွင့်ကို ဟန့်တားရန်၊ တားဆီးရန် ရည်ရွယ်ချက်ဖြင့် ရေးဆွဲနေခြင်း မဟုတ်ပေ။ စာနယ်ဇင်းလွတ်လပ်ခွင့်များကို လူ့အဖွဲ့အစည်း၏ အကျိုးစီးပွား မထိခိုက်စေဘဲ မှန်မှန်ကန်ကန် ကျင့်သုံးနိုင်ရန်နှင့် မြန်မာ့မီဒီယာလောက ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရည်ရွယ်လုပ်ဆောင်နေခြင်းသာဖြစ်သည်။

ထို့ကြောင့် ယနေ့ဆောင်ရွက်နေသော မီဒီယာပြုပြင်ပြောင်းလဲရေးလုပ်ငန်းသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွင် စာနယ်ဇင်းများအနေဖြင့် လွတ်လပ်စွာ သတင်းရယူဖြန့်ချိခြင်း (**right to seek, receive and impart information**)၊ ပြည်သူများထံ မှန်မှန်ကန်ကန် ဓမ္မဓိဋ္ဌာန်ကျကျ သတင်းများကို ရယူအသိပေးနိုင်ခြင်း (**accurate, objective, fair and balanced news**)တို့ကို စနစ်တကျ ကျင့်သုံးပြီး မီဒီယာများအနေဖြင့် စစ်မှန်သော စတုတ္ထမဏ္ဍိုင် (**Fourth Estate**)အဖြစ် ပေါ်ပေါက်လာစေရန် ရည်ရွယ်ဆောင်ရွက်နေခြင်းလည်း ဖြစ်သည်။

အနာဂတ်တွင် မြန်မာ့မီဒီယာလောကသည် ပိုမိုလွတ်လပ်ပွင့်လင်းလာတော့မည်ဖြစ်သည်။ ထိုသို့ ပွင့်လင်းလာမှုနှင့်အတူ ပြည်တွင်းမီဒီယာများအနေဖြင့် စိန်ခေါ်မှုများနှင့်လည်း ကြုံတွေ့ရမည်ဖြစ်သည်။ စာနယ်ဇင်းကျင့်ဝတ်များနှင့်အညီ လိုက်နာကျင့်သုံးရန်၊ ယှဉ်ပြိုင်မှုများ ပြင်းထန်လာမည့် မီဒီယာလောကတွင် ဆက်လက်ရပ်တည်နိုင်ရန်၊ နည်းပညာတိုးတက်ပြောင်းလဲမှုများနှင့်အညီ လိုက်ပါပြောင်းလဲနိုင်ရန်နှင့် စာနယ်ဇင်းသမားများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန်ဆိုသည့်အချက်များသည် အဓိကကျသော စိန်ခေါ်မှုများဖြစ်လာနိုင်သည်။

သို့ဖြစ်ပါ၍ စတုတ္ထမဏ္ဍိုင်မီဒီယာသမားတို့သည် မီဒီယာဥပဒေနှင့်အညီ လွတ်လပ်မှု၊ တာဝန်ယူမှု၊ တာဝန်သိမှုတို့ဖြင့် စဉ်းစားချင့်ချိန် ဆောင်ရွက်လုပ်ကိုင်ကြရတော့မည်ဖြစ်ရာ မြန်မာ့မီဒီယာလောက တိုးတက်ပြောင်းလဲလာမှုနှင့်အညီ ဓမ္မဓိဋ္ဌာန်ကျကျ စဉ်းစားတွေးခေါ် အမြော်အမြင်ကြီးမားစွာ မျှမျှတတ ရေးသားကြခြင်းဖြင့် မီဒီယာ နောင်အရှည်ကောင်းစေဖို့ ကြိုးပမ်းကြပါစို့ဟု တိုက်တွန်းလိုက်ရပေသည်။ ။

တိရစ္ဆာန်ဆေးပေးခန်း ဒေးဒရဲမြို့နယ်၌ ဖွင့်လှစ်

ဒေးဒရဲ မတ် ၂၂

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိရစ္ဆာန်ဆေးပေးခန်း ဖွင့်ပွဲအခမ်းအနားကို အမှတ်(၂)ရပ်ကွက် ဗိုလ်ချုပ်လမ်းတွင် ဖေဖော်ဝါရီ ၁၉ရက် နံနက် ၉နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်မှူး ဒေါက်တာကြည်ကြည်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။ အဆိုပါဆေးပေးခန်း အဆောက်အအုံမှာ ပေ ၄၀×၃၀ အာရ်စီတစ်ထပ်တိုက် အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးဘေးကြိုတင်ကာကွယ်ရေး လပွတ္တာမြို့နယ် သပြုကုန်းကျေးရွာ၌ဟောပြော

လပွတ္တာ မတ် ၂၂

လပွတ္တာမြို့နယ် သပြုကုန်းကျေးရွာအုပ်စု ပျဉ်ထောင်တွင်းကျေးရွာ၌ မတ် ၈ ရက် နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မျိုးမြင့်နှင့်အဖွဲ့ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပရာ ကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာများမှ ကျေးလက်ပြည်သူများတက်ရောက်ခဲ့ကြသည်။ **(အောက်ပုံ)** ဟောပြောပွဲ အပြီးတွင် ကျေးရွာအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိသည့် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကတ်၊ သဲပုံး၊ ရေပုံးများကို မြို့နယ်မီးသတ်ဦးစီးမှူးနှင့်အဖွဲ့က လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြကြောင်းသိရှိရသည်။ **(မြန်မာ့အလင်း)**

မီးဘေးကြိုတင်ကာကွယ်ရေး သီပေါ၌သရုပ်ပြလေ့ကျင့်

သီပေါ မတ် ၂၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်အရ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဈေးကော်မတီဝင်များပူးပေါင်း၍လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို မတ် ၁၂ ရက် ညနေက မြို့မစည်ပင်သာယာဈေးကြီး၌ ကျင်းပရာ မြို့နယ်မီးဘေးတားဆီးရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်မောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦးနှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အစီအစဉ်အရ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကိုကိုဦးခေါင်းဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မဈေး မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်စက်၊ မီးသတ်ပိုက်များဖြင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်ကြသည်။

အဆိုပါ မီးဘေးသရုပ်ပြလေ့ကျင့်မှုများနှင့် မီးသတ်ဆေးဘူးများဖြင့် လက်တွေ့ငြိမ်းသတ်ခြင်းများကို မြို့ပေါ်ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (၀၇၂)

မီးဖိုမီး အခြားမီး
သုံးပြီးသတိ အမြဲရှိ

စံပြစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနား ကျင်းပ

မန္တလေး မတ် ၂၂

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ မြောက်ပြင်သူရဲတပ်နယ်လုံးဆိုင်ရာ စံပြစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို မတ် ၁၀ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်း၊ အောင်မြေသာစံမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်နှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမြင့်သန်းတို့က စံပြစာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို စန်းသီတာဓမ္မာရုံအတွင်း၌ ဆက်လက်ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် စံပြစာကြည့်တိုက်အတွက် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လှူဒါန်းသော စာအုပ်စာစောင်များကို ဒုတိယညွှန်ကြားရေးမှူးကလည်းကောင်း၊ စာအုပ်စာစောင်နှင့် အလှူငွေများကို အလှူရှင် အသီးသီးတို့ကလည်းကောင်း ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ဦးမြသိန်း၊ စာကြည့်တိုက်မှူး ဒေါ်စုစုဝင်းတို့က လက်ခံယူကြသည်။ အဆိုပါစံပြစာကြည့်တိုက်မှာ အကျယ်ပေ(၂၀×၄၀)ရှိ တစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ (၀၂၆)

ရန်ကင်းမြို့နယ် အမှတ်(၁၂)ရပ်ကွက်တွင် မိုးပွင့်အဆင့် (၂)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို မတ် ၁၈ရက်က ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးစန်းရွှေနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းစိုးတို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ဦးချင်းပေးအပ်စဉ်။ (၀၄၃)

ကျေးလက်နေပြည်သူများအား အခမဲ့ကွင်းဆင်းဆေးဝါးကုသ

တောင်ငူ မတ် ၂၂

တောင်ငူမြို့ တိုင်းဒေသကြီး အထွေထွေရောဂါကု ဆေးရုံကြီးနှင့် ဆရာဝန်အသင်း (တောင်ငူ)တို့မှ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများနှင့် အထွေထွေရောဂါကုဆရာဝန် ၅၀ ကျော်ပါဝင်သော ကျန်းမာရေးအဖွဲ့သည် မတ် ၁၁ ရက်က တောင်ငူခရိုင် ဖြူးမြို့နယ် စစ်တောင်းမြစ်ကမ်းပါးရှိ အုတ်ဖြတ်ကျေးရွာအုပ်စု အတွင်းမှ ကျေးလက်နေပြည်သူများအား ကျန်းမာရေး ပညာပေးဟောပြောခြင်းနှင့် ကျေးလက်နေပြည်သူ ၁၄၆၀ တို့အား အခမဲ့ဆေးဝါးကုသခြင်းများ ပြုလုပ်ပေးပြီး လိုအပ်သည့် ဆေးဝါးများကို အခမဲ့ပေးအပ်ထောက်ပံ့ခဲ့ကြောင်း သိရှိရသည်။ **(၁၃၆)**

အသင်းသားများအား ချေးငွေထုတ်ပေး

မိုးမောက် မတ် ၂၂

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် နိုသောကာရာမကျောင်း ဓမ္မာရုံ၌ မတ် ၁၆ ရက် နံနက် ၁၁ နာရီက အလင်းကောင်းရပ်ကွက်တွင် ဖွဲ့စည်းမည့် လင်းလက်အသေးစား ငွေစုငွေချေး သမဝါယမအသင်းဖွဲ့စည်းရေးနှင့် အသင်းသားများအား ချေးငွေထုတ်ချေးပေးခြင်း အခမ်းအနားကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်ခင်ညွန့်စိန်က သမဝါယမအသင်းဖွဲ့စည်းရေးနှင့် အသေးစားငွေစုငွေချေး လုပ်ငန်းအကြောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက်တက်ရောက်လာကြသော အသင်းသူအသင်းသား ၂၄ ဦးအား တစ်ဦးလျှင်ငွေကျပ်သုံးသောင်းနှုန်းဖြင့် ထုတ်ချေးပေးခဲ့ကြောင်းသိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

◆ ရှေ့ဖုံးမှ

ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်လှမျိုးနွယ်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့က အသီးသီးဆောင်ရွက်ခဲ့ကြပါကြောင်း၊ နိုင်ငံတကာဥပဒေပညာရှင်များ၊ တိုင်းတာရေးပညာရှင်များအဖြစ် -

- Lead Counsel Mr Alain Pellet, Professor, University of Paris Ouest, Nanterre La Défense, France, Member and former Chairman of the International Law Commission, Associate Member of the Institut de droit international,
- Sir Michael Wood, K.C.M.G., Member of the English Bar, United Kingdom, Member of the International Law Commission,
- Mr Mathias Forteau, Professor, University of Paris Ouest, Nanterre La Défense, France,
- Mr Daniel Muller, Consultant in Public International Law, Researcher, Centre de droit international de Nanterre (CEDIN), University of Paris Ouest, Nanterre La Défense, France,
- Mr Coalter Lathrop, Attorney-Adviser, Sovereign Geographic, Member of the North Carolina Bar, United States of America,
- Mr Benjamin Samson, Researcher, Centre de droit international de Nanterre (CEDIN), University of Paris Ouest, Nanterre La Défense, France,
- Mr Eran Sthoeger, LL.M., New York University School of Law, United States of America.
- Ms Héloise Bajer-Pellet, Lawyer, Member of the Paris Bar, France, Geologist Dr. Thura Oo, Pro-Rector of the Meiktila University, Myanmar, Mr Min Thein Tint, Captain, Commanding Officer, Myanmar Naval Hydrographic Center,

Mr Coalter Lathrop, Attorney-Adviser, Sovereign Geographic, Member of the North Carolina Bar, United States of America,

Mr Octavian Buzatu, Hydrographer, Romania,

အစရှိသည့် ရေပုံ၊ မြေပုံကျွမ်းကျင်သူပညာရှင်များအား ငှားရမ်းဆောင်ရွက်ခဲ့ပါကြောင်း။

ဘင်္ဂလားဒေ့ရှ်ဘက်ကလည်း ယင်းနိုင်ငံ၏ ကိုယ်စားလှယ်အဖြစ် နိုင်ငံခြားရေးဝန်ကြီး Ms Dipu Moni, ဒုတိယကိုယ်စားလှယ်အဖြစ် Mr Md.Khurshed Alam, Rear Admiral(Retd),Additional Secretary, Ministry of Foreign Affairs တို့က ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အတူ နိုင်ငံတကာဥပဒေပညာရှင်များ၊ တိုင်းတာရေးပညာရှင်များကို ငှားရမ်းဆောင်ရွက်ခဲ့သည်ကို သိရှိရပါကြောင်း၊ ITLOS ၌ တရားရေးလုပ်ငန်းစဉ်များအဖြစ် စာဖြင့်ရေးသားတင်ပြခြင်း၊ နှုတ်ဖြင့်လျှောက်လဲချက်တင်သွင်းခြင်းများကို ဆောင်ရွက်ရမည်ဖြစ်သည်နှင့်အညီ ဘင်္ဂလားဒေ့ရှ်က အဆိုလွှာ (Memorial) နှင့် တုံ့ပြန်လွှာ (Reply) ကိုတင်သွင်းခဲ့ပြီး မြန်မာနိုင်ငံဘက်ကလည်း ချေပလွှာ (Counter-Memorial) နှင့် ပြန်လည်ချေပလွှာ (Rejoinder) တို့ကို ITLOS က သတ်မှတ်သည့် ကာလအတွင်း တင်သွင်းခဲ့ပါကြောင်း။

ထို့အတူ ၈-၉-၂၀၁၁ ရက်မှ ၂၄-၉-၂၀၁၁ ရက်အထိ တရားရုံးရှေ့မှောက်တွင် နှစ်နိုင်ငံရှေ့နေများနှင့် တိုင်းတာရေးပညာရှင်၊ မြေပုံဆွဲပညာရှင်များသည် မိမိဘက်က ဥပဒေပညာရှင်၊ ကျွမ်းကျင်သူများနှင့်ပေါင်းစပ်၍ မြေပုံ၊ရေပုံ၊သက်သေခံအချက်အလက်များ၊ အမှုအကိုးအကားများ၊ တရားစီရင်ထုံးများဖြင့် ပူးပေါင်းလျှောက်လဲဆောင်ရွက်ခဲ့ကြပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်၏ အဓိကကျသည့် တောင်းဆိုချက်များနှင့် ITLOS ၏ ဆုံးဖြတ်ချက်များမှာ ပိုင်နက်ပင်လယ်နယ်နိမိတ်အတွက် ၁၉၇၄ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်တွင် နှစ်နိုင်ငံအကြား သဘောတူစာချုပ်ရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်၏ တောင်းဆိုချက်ကို ITLOS က လက်မခံပါကြောင်း၊ စိန့်မာတင်ကျွန်းအတွက် ရေရေယာ ၁၂မိုင်အပြင် သီးသန့်စီးပွားရေးဇုန်၊ ကမ်းလွန်ရေတိမ်ပိုင်းအတွက်ပါ တောင်းဆိုချက်အပေါ် ITLOS က ရေမိုင် ၁၂ မိုင်သာပေးခဲ့ပါကြောင်း၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်း နယ်နိမိတ်အား ထောင့်တစ်ထောင့်အား ထက်ဝက်ပိုင်း၍ ရရှိသောမျဉ်းအတိုင်း တောင်းဆိုသည့်နည်းလမ်း (Angle Bisector) ကို အသုံးပြုရန် တောင်းဆိုချက်အား ITLOS က လက်မခံခဲ့ပါကြောင်း၊ ရေမိုင် (၂၀၀)ထက်ကျော်လွန်သည့် ကမ်းလွန်ရေတိမ်ပိုင်းနယ်နိမိတ်တိုးချဲ့ရေးအတွက် မြန်မာနိုင်ငံ၏ကုန်းမြေသည် ဘင်္ဂလားပင်လယ်အော်အထိ သဘာဝအလျောက် တစ်ဆက်တစ်စပ်တည်း (Natural Prolongation) မရှိဟု တောင်းဆိုချက်အပေါ်လည်း ITLOS က လက်မခံခဲ့ပါ ကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်က ၁၉၇၄ ခုနှစ် အစည်းအဝေးမှတ်တမ်းအား သဘောတူ စာချုပ်အဖြစ် ယင်းရေတပ်အရာရှိများသာမက တံငါသည်များပါ သိရှိနားလည် ထားသည်ဟု သက်သေခံစာရွက်စာတမ်းများတင်သွင်းချက်အပေါ်လည်း ITLOS က ဥပဒေအရ ငြင်းပယ်ခဲ့ပါကြောင်း။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပိုင်နက်ပင်လယ်နယ်နိမိတ်မျဉ်းတောင်းဆိုရာတွင် ၁၉၇၄ ခုနှစ်က ပြုလုပ်ခဲ့သည့် မြန်မာ-ဘင်္ဂလားဒေ့ရှ် ပင်လယ်နယ်နိမိတ်သတ်မှတ်ရေး ဒုတိယအကြိမ်ဆွေးနွေးပွဲတွင် ညှိနှိုင်းရရှိခဲ့သည့် သဘောတူညီချက် မှတ်တမ်း (Agreed minutes) ပါ အမှတ်(၇)မှတ်အား ဆက်ဆွဲသောမျဉ်းဖြင့် တောင်းဆိုပါကြောင်း၊ ၎င်းမျဉ်းမှာ နတ်မြစ်ဝထိပ်ရှိ ၁၉၆၆ ခုနှစ်က မြန်မာ-အရှေ့ ပါကစ္စတန် (ဘင်္ဂလားဒေ့ရှ်) နတ်မြစ် ပုံသေမြစ်ကြောင်းနယ်နိမိတ်သတ်မှတ်ခဲ့သည့် အမှတ်(၁)မှ စတင်၍ ဘင်္ဂလားဒေ့ရှ်ပိုင် စိန့်မာတင်ကျွန်းနှင့် မြန်မာကမ်းရိုးတန်းအကြား အလယ်မှတ်များကို ဆက်ဆွဲပြီး နောက်ဆုံးအမှတ်ဖြစ်သည့် စိန့်မာတင်ကျွန်း၏ တောင်ဘက်စွန်းမှ ရေမိုင်၁၂မိုင် စက်ဝိုင်းပြတ်နှင့် မြန်မာ့အနီးဆုံးကမ်းရိုးတန်းမှ ရေမိုင် ၁၂ မိုင် စက်ဝိုင်းပြတ်ထိသော အမှတ်(၇)အထိ ဖြစ်ပါကြောင်း။

ကမ်းလွန်ရေတိမ်ပိုင်း ပင်လယ်နယ်နိမိတ်မျဉ်းတောင်းဆိုရာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံက တောင်းဆိုရာ၌ Angle Bisector Method ဖြစ်သော ထောင့်အား တစ်ဝက်ပိုင်းသောနည်းလမ်းဖြင့် တောင်းဆိုပါကြောင်း၊ အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား နယ်ခြားမြစ်ဖြစ်သော Haribhanga မြစ်၏ အလယ်မှတ်နှင့် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား နယ်ခြားမြစ်ဖြစ်သော နတ်မြစ်ဝ၏ အလယ်မှတ်မှ မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းရှိ Bhiff Cape အမှတ်ကိုဆွဲသော မျဉ်းနှစ်ကြောင်း ခံဆောင်သောထောင့်အား တစ်ဝက်ပိုင်းဖြတ်ရာတွင် ရရှိသော မျဉ်းဖြစ်သည့် ၂၁၅ ဒီဂရီမျဉ်းအား ၎င်းတို့တောင်းဆိုထားသည့် ပိုင်နက်ပင်လယ်နယ်နိမိတ်အဆုံးအမှတ်ဖြစ်သည့် အမှတ်(၇)ပေါ်သို့ ရွှေ့ပြောင်းရေးဆွဲထားပြီး ၎င်း ၂၁၅ဒီဂရီမျဉ်းအား မြောက်လတ္တီကျူ ၁၇ ဒီဂရီ ၂၅ မိနစ် ၅၀ ဒသမ ၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၀ ဒီဂရီ ၁၅ မိနစ် ၄၉ ဒသမ ၀ စက္ကန့်အထိ ရေးဆွဲထားပါကြောင်း၊ ၎င်းအမှတ်မှ မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းမှ ရေမိုင် (၂၀၀)ကွာဝေးသော မျဉ်းတစ်လျှောက်သတ်မှတ်ပြီး နောက်ဆုံးအမှတ်အဖြစ် အန်ဒမန်ပင်လယ်အတွင်း ၁၉၈၆ ခုနှစ်က မြန်မာ-အိန္ဒိယနှစ်နိုင်ငံ သဘောတူညီခဲ့သည့် သဘောတူညီစာချုပ်ပါ အမှတ်(၁၆)ထိ ရေးဆွဲသောမျဉ်းအား တောင်းဆိုပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်သည် ကမ်းလွန်ရေတိမ်ပိုင်း နယ်နိမိတ်မျဉ်းအား ကမ်းခြေမှ ရေမိုင် (၂၀၀)အကျော်ထိ တောင်းဆိုထားပါကြောင်း။

ပင်လယ်နယ်နိမိတ်မျဉ်းများ သတ်မှတ်ပြီးသည့်အခါ နှစ်နိုင်ငံရရှိသော ဧရိယာအချိုးကို ကမ်းရိုးတန်းအလျားအချိုးနှင့် တိုက်ဆိုင်စိစစ်ပြီး ကွာခြားမှု ရှိ/မရှိ စိစစ်ရပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်အနေဖြင့် ၎င်း၏ Relevant Coast အားသတ်မှတ်ရာတွင် အိန္ဒိယနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား နယ်ခြားမြစ်ဖြစ်သော Haribhanga မြစ်၏အလယ်မှတ်နှင့် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား နယ်ခြားမြစ်ဖြစ်သော နတ်မြစ်ဝ၏အလယ်မှတ်ကို ဆက်ဆွဲသောမျဉ်းအား တိုင်းတာသတ်မှတ်ပြီး အလျား ၃၄၈ ဒသမ ၅ ကီလိုမီတာရှိသည်ဟု ဖော်ပြထားပါကြောင်း၊ မြန်မာနိုင်ငံအတွက် ကမ်းရိုးတန်းအလျားကိုလည်း နတ်မြစ်ဝမှ ရခိုင်ကမ်းရိုးတန်းတစ်ခုလုံး အလျား၏ တစ်ဝက်လောက်သာရှိသော Bluff Cape နေရာအထိ သတ်မှတ်ပြီး အလျား ၃၆၉ ကီလိုမီတာရှိသည်ဟု ဖော်ပြထားပါကြောင်း၊ ၎င်းအလျားနှစ်ခုကို အချိုးချကာ ဘင်္ဂလားဒေ့ရှ်ကမ်းရိုးတန်းအလျားအချိုးသည် ၁း၁ ဒသမ ၀၆ ရှိသည်ဟု ဖော်ပြထားပါကြောင်း။

ပြန်လည်ဖြေကြား

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ဘင်္ဂလားဒေ့ရှ်၏ တောင်းဆိုသောမျဉ်းဖြင့် ၎င်းသတ်မှတ်ထားသော Relevant Area အား ပိုင်းခြားရာတွင် ဘင်္ဂလားဒေ့ရှ်ရရှိသော ဧရိယာမှာ ၆၉၇၁၇ စတုရန်းကီလိုမီတာ၊ မြန်မာဘက်မှရရှိသော ဧရိယာမှာ ၈၆၉၃၁ စတုရန်းကီလိုမီတာ ရှိသဖြင့် ဘင်္ဂလားဒေ့ရှ် ဧရိယာအချိုး မြန်မာဧရိယာအချိုးမှာ ၁း၁ ဒသမ ၂၅ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကမ်းရိုးတန်းအလျားအချိုး ၁း၁ ဒသမ ၀၆နှင့် ကွာခြားမှု လွန်စွာမရှိသောကြောင့် ၎င်းတို့တောင်းဆိုသောမျဉ်းမှာ Proportionality Test အရ မျှတသည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံ၏ အဓိကကျသည့် တောင်းဆိုချက်များအပေါ် ITLOS ၏ စီရင်ဆုံးဖြတ်ချက်အရ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်း နယ်နိမိတ်အား Equidistance/ Relevant Circumstances Method နည်းလမ်းဖြင့် ရေးဆွဲရန် တောင်းဆိုသည့်နည်းလမ်းကို လက်ခံသည်ကို သိရှိရပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်ပိုင် စိန့်မာတင်ကျွန်းအား ဝိုက်၍ Half Effect ဖြစ်သည့် ရေမိုင် (၆)မိုင်ကိုသာ သတ်မှတ်ပေးရန် မြန်မာ၏ တောင်းဆိုချက်အပေါ် ITLOS က ကျွန်းအား ဝိုက်ပေးခဲ့သော်လည်း ရေမိုင်ကိုမူ (၁၂)မိုင် ခွင့်ပြုခဲ့ပါကြောင်း၊ ရေမိုင် (၂၀၀)ထက်ကျော်လွန်သည့် ကမ်းလွန်ရေတိမ်ပိုင်းနှင့်ပတ်သက်၍ ITLOS တွင် စီရင်ပိုင်ခွင့်ရှိသည်ဟု ဆုံးဖြတ်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံက တင်ပြတောင်းဆိုသော ပိုင်နက်ပင်လယ်နယ်နိမိတ်မျဉ်းမှာ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား နတ်မြစ်ဝရှိ ၁၉၆၆ ခုနှစ်က မြန်မာ-အရှေ့ပါကစ္စတန်(ဘင်္ဂလားဒေ့ရှ်)နတ်မြစ်ပုံသေမြစ်ကြောင်း နယ်နိမိတ်သတ်မှတ်ခဲ့သည့် အမှတ် (A)မှစတင်၍ ဘင်္ဂလားဒေ့ရှ်ပိုင် စိန့်မာတင်ကျွန်းနှင့် မြန်မာကမ်းရိုးတန်းအကြား အလယ်မှတ်များဖြစ်သော B,B1,B2,B3,B4,B5 နှင့် စိန့်မာတင်ကျွန်း တောင်ဘက်စွန်းမှ (၆)မိုင်နှင့် မြန်မာ့ကမ်းရိုးတန်းအနီးဆုံးအမှတ်မှ (၆)မိုင်ကွာဝေးသောအမှတ် (C)အထိ ဆက်ဆွဲပြီး ၎င်းမှ စိန့်မာတင်ကျွန်းတောင်ဘက်စွန်းမှ (၆) မိုင်နှင့် မြန်မာ့ကမ်းရိုးတန်း အနီးဆုံးအမှတ်မှ (၁၂)မိုင် ကွာဝေးသော အမှတ် (D) အထိ ဆက်ဆွဲပါကြောင်း၊ ၎င်းအမှတ် (D)မှ စိန့်မာတင်ကျွန်းတောင်ဘက်စွန်းမှ (၁၂)မိုင်စက်ဝိုင်းပြတ်နှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် ပင်မကမ်းရိုးတန်းအား မူတည်ရေးဆွဲသော Equidistance မျဉ်းနှင့် ထိတွေ့သောနေရာဖြစ်သော အမှတ် (E) အထိ ဆွဲပါကြောင်း၊ ၎င်းအမှတ်မှ (Equidistance) မျဉ်းတစ်လျှောက် အမှတ် (F)မှအမှတ် (G)၊ အမှတ် (G)မှ ညွှန်းရပ် ဒီဂရီ ၂၃၁ ဒီဂရီ ၃၇ မိနစ် ၅၀ ဒသမ ၉စက္ကန့်ဖြင့်တတိယနိုင်ငံ၏ အခွင့်အရေးမထိခိုက်စေသောနေရာအထိ သတ်မှတ်တောင်းဆိုပါကြောင်း။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် ကမ်းရိုးတန်းသတ်မှတ်ရာတွင် အပိုင်း (၄)ပိုင်း သတ်မှတ်ပြီး အတွင်းပိုင်း (၂)ပိုင်းမှာ မြစ်ဝှမ်း၏ ဘယ်/ညာ ကမ်းရိုးတန်းနှစ်ခုသည် တစ်ခုနှင့်တစ်ခု မျက်နှာချင်းဆိုင်ပြီး ပင်လယ်နယ်နိမိတ် ဧရိယာပိုင်းခြားမှုကို အကျိုးမသက်ရောက်စေသည့်အတွက် ထည့်သွင်းမတွက်ချက်ရာ စုစုပေါင်း ၃၆၄ကီလိုမီတာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွက် ကမ်းရိုးတန်းအလျား သတ်မှတ်ရာတွင် နတ်မြစ်ဝမှ မော်တင်စွန်းအနီးရှိ Cape Negrais အထိသတ်မှတ်ရာ ကီလိုမီတာ ၇၄၀ရှိပါကြောင်း၊ ကမ်းရိုးတန်းအလျား အချိုးမှာ ဘင်္ဂလားဒေ့ရှ်အချိုး မြန်မာမှာ ၁း၂ ဒသမ ဝ၃ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှ တောင်းဆိုသော မျဉ်းအရ မြန်မာနိုင်ငံက သတ်မှတ်ထားသည့် Relevant Area တွင် ဘင်္ဂလားဒေ့ရှ်ရရှိသည့် ဧရိယာမှာ ၈၀၄၀၆ စတုရန်းကီလိုမီတာဖြစ်ပြီး မြန်မာနိုင်ငံမှရရှိသော ဧရိယာမှာ ၁၅၆၁၃၃ စတုရန်းကီလိုမီတာဖြစ်သောကြောင့် ဧရိယာအချိုးမှာ ၁း၁ဒသမ ၉၄ ဖြစ်ပါကြောင်း၊ အလျားအချိုးနှင့် မကွာသည်ကို ဖော်ပြခဲ့ပါကြောင်း၊ ထို့ကြောင့် နယ်နိမိတ်မျဉ်းအား Adjust လုပ်ရန် မလိုဟု ဆုံးဖြတ်ခဲ့ပါကြောင်း။

အမှုအပေါ် ITLOS က ၁၄-၃-၂၀၁၂ ရက်တွင် အပြီးသတ် စီရင်ချက်ချမှတ်ခဲ့ပါကြောင်း၊ ယခုတင်ပြသော မျဉ်းမှာ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်တို့ တောင်းဆိုသော ပိုင်နက်ပင်လယ်နယ်နိမိတ်မျဉ်းဖြစ်ပါကြောင်း၊ ပိုင်နက်ပင်လယ်ပြင် နယ်နိမိတ်မျဉ်းကို ၁၉၆၆ ခုနှစ်က မြန်မာနိုင်ငံနှင့် အရှေ့ပါကစ္စတန် (ယခု-ဘင်္ဂလားဒေ့ရှ်) နိုင်ငံတို့ နှစ်နိုင်ငံချုပ်ဆိုသော နတ်မြစ်ပုံသေနယ်နိမိတ်စာချုပ်ပါ နတ်မြစ်ဝရှိ ပုံသေအမှတ် (၁) မှ စတင်ရေးဆွဲပါကြောင်း၊ ထိုအမှတ် (၁) မှ ဆက်ဆွဲသောမျဉ်းမှာ ဘင်္ဂလားဒေ့ရှ်ပိုင် စိန့်မာတင်ကျွန်းနှင့် မြန်မာ့ကမ်းရိုးတန်းကြား အကွာအဝေးတူမျဉ်း တစ်နည်းအားဖြင့် Equidistance Method ဖြင့် ရေးဆွဲပါကြောင်း၊ အမှတ်(၂)မှ အမှတ် (၈) အထိ ဆက်ဆွဲမျဉ်းဖြစ်ပါကြောင်း၊ အမှတ်(၈) မှာ စိန့်မာတင်ကျွန်းမှ ရေမိုင် (၁၂) မိုင် စက်ဝန်းပြတ်နှင့် အနီးဆုံး မြန်မာကမ်းရိုးတန်းမှ ရေမိုင် (၁၂) မိုင် စက်ဝန်းပြတ်ထိသော နေရာအမှတ်ဖြစ်ပါကြောင်း၊ ၎င်းအမှတ် (၈) နေရာမှ စိန့်မာတင်ကျွန်း၏ ရေမိုင် (၁၂) မိုင် စက်ဝန်းပြတ်အတိုင်းသွား၍ ၎င်းစက်ဝန်းပြတ်ပေါ်တွင် နှစ်နိုင်ငံ၏ ကုန်းမြေမှ Equidistance Method ဖြင့် ရေးဆွဲရရှိသော နတ်မြစ်ဝမှ ၂၁၅ ဒီဂရီမျဉ်းနှင့်ထိနေသော အမှတ် (၉) အထိ ဖြစ်ပါကြောင်း။

ITLOS မှ စိန့်မာတင်ကျွန်းနှင့် မြန်မာ့ကမ်းရိုးတန်းအကြား ပိုင်နက်ပင်လယ်မျဉ်းအား မိမိတို့ချေပလွှာတွင် တောင်းဆိုထားသည့်မျဉ်းနှင့် ပုံသဏ္ဌာန်တူ ချမှတ်ခဲ့ပါကြောင်း၊ စိန့်မာတင်ကျွန်းအား (၁၂) မိုင် အပြည့်ဝိုက်၍ ရေးဆွဲပေးခြင်း ဖြစ်ပါကြောင်း။

သီးသန့်စီးပွားရေးဇုန်/ကမ်းလွန်ရေတိမ်ပိုင်း နယ်နိမိတ်မျဉ်းတွင် အဆိုလွှာ၌ မြန်မာနိုင်ငံမှ ရေးဆွဲသော Provisional Equidistance Line မှာ ဘင်္ဂလားဒေ့ရှ်ဘက်မှ ထိန်းချုပ်အမှတ် (၂) ခုနှင့် မြန်မာဘက်မှ ထိန်းချုပ်အမှတ် (၃) မှ ရေးဆွဲပါကြောင်း၊ ITLOS မှ ရေးဆွဲသော Provisional Equidistance Line မှာ Equidistance Method အတိုင်း မြန်မာနိုင်ငံမှ တင်ပြထားသော ထိန်းချုပ်အမှတ် သို့မဟုတ် အခြေခံအမှတ်များနှင့်ITLOS မှမြန်မာကမ်းရိုးတန်းအတွက် အသစ်ရွေးချယ်ထားသော အခြေခံအမှတ်တစ်ခုအပါအဝင် Provisional Equidistance Line ရေးဆွဲထားပါကြောင်း၊ ITLOS မှ ချမှတ်ပေးသော သီးသန့်စီးပွားရေးဇုန်/ကမ်းလွန်ရေတိမ်ပိုင်း နယ်နိမိတ်မျဉ်းမှာ (၁၂) မိုင် စက်ဝန်းပြတ်နှင့် Equidistance Line ထိသော အမှတ် (၉)၊ ၎င်းမှာ အမှတ် (၁၀) ထိ ဆွဲပါကြောင်း၊ အမှတ် (၉)

ကွမ်းခြံကုန်း မဲဆန္ဒနယ်မှ ဦးလွန်းသိ မေးမြန်းစဉ်။ (သတင်းစဉ်)

နှင့်အမှတ်(၁၀)တို့သည် မြန်မာ၏ချေပလွှာတွင် တောင်းဆိုသောမျဉ်း၏ အမှတ် E နှင့် အမှတ် F ဖြစ်ပါကြောင်း။

၎င်းမျဉ်းအတိုင်း အမှတ် (၁၀)မှ ဆက်ဆွဲရာတွင် အမှတ် (၁၁) အား ခုံရုံးမှ ရွေးချယ်ခဲ့ပါကြောင်း၊ အမှတ် (၁၁) အား ခုံရုံးမှ ရွေးချယ်ရာတွင် ဘင်္ဂလားဒေ့ရှ်ကမ်းရိုးတန်း၏ ချိုင့်ဝင်နေမှု (Concavity) ကြောင့် Equidistance Method ဖြင့် ဆက်လက်ရေးဆွဲပါက ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် Cut-Off effect စတင်ဖြစ်ပေါ်သည့်နေရာဖြစ်၍ အမှတ်(၁၁)တွင် ဖြတ်တောက်ခြင်း သက်ရောက်မှုကို ကုစားရန်အတွက်လည်းကောင်း၊ ပင်လယ်ဥပဒေနှင့်အညီ Equitable Solution သာတူညီမျှ အဖြေရရှိရန်အတွက် လည်းကောင်း၊ ကမ်းရိုးတန်း သုံးနိုင်ငံတွင် အလယ်နိုင်ငံ၏ ကမ်းရိုးတန်းချိုင့်ဝင်နေပါက ဘေးချင်းကပ်နိုင်ငံများနှင့် Equidistance Line ရေးဆွဲမှုအရ အလယ်နိုင်ငံအတွက် ပိတ်သွားမည့် အခြေအနေကြောင့် မျဉ်းကြောင်းဖွင့်ပေးသည့် စီရင်ထုံးများအရလည်းကောင်း၊ အမှတ်(၁၁)မှ ၂၁၅ ဒီဂရီမျဉ်းဖြင့် ရေမိုင် (၂၀၀)အလွန်အထိ ပိုင်းခြားသတ်မှတ်ပေးသည်ကို တွေ့ရှိရပါကြောင်း။

ITLOS မှ နှစ်နိုင်ငံသက်ဆိုင်သော ကမ်းရိုးတန်းအား သတ်မှတ်ရာတွင် ဘင်္ဂလားဒေ့ရှ်အတွက် ၄၁၃ ကီလိုမီတာ၊ မြန်မာနိုင်ငံအတွက် ၅၈၇ ကီလိုမီတာ သတ်မှတ်ပေးခဲ့ပါကြောင်း၊ ITLOS မှ သတ်မှတ်သော ဘင်္ဂလားဒေ့ရှ်နှင့်မြန်မာ ကမ်းရိုးတန်းအချိုးမှာ ၁း၁ ဒသမ ၄၂ ဖြစ်ပါကြောင်း၊ ITLOS မှ ဆုံးဖြတ်ပေးသော ဧရိယာတွင် သတ်မှတ်ပေးသောမျဉ်းအရ ဘင်္ဂလားဒေ့ရှ်ရရှိသော ရေပြင်ဧရိယာမှာ ၁၁၁၆၃၁ စတုရန်းကီလိုမီတာနှင့် မြန်မာရရှိသော ရေပြင်ဧရိယာမှာ ၁၇၁၈၃၂ စတုရန်းကီလိုမီတာ ဖြစ်ကြောင်းနှင့် အချိုးမှာ ၁ း ၁ ဒသမ ၅၄ ဖြစ်ပါကြောင်း။

ဘင်္ဂလားဒေ့ရှ်နိုင်ငံက တောင်းဆိုသောဧရိယာမှာ ၆၉၇၁၇ စတုရန်းကီလိုမီတာဖြစ်ပါကြောင်း၊ ITLOS မှ ဆုံးဖြတ်ပေးသော ပင်လယ်ပြင်နယ်နိမိတ်မျဉ်းအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရရှိသော ဧရိယာမှာ ၁၁၁၆၃၁ စတုရန်းကီလိုမီတာဖြစ်သည့်အတွက် ပိုမိုရရှိသော ဧရိယာမှာ ၄၁၉၁၄ စတုရန်းကီလိုမီတာ ဖြစ်ပါကြောင်း၊ ထိုသို့ ပိုမိုရရှိခြင်းမှာ ITLOS က သတ်မှတ်သော ဧရိယာ များပြားခြင်းကြောင့်ဖြစ်ပြီး ၎င်းဧရိယာများမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား ဧရိယာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမြောက်ဘက် ဧရိယာတို့တွင်သာဖြစ်ပါကြောင်း။

Proportionality Test တွင် နှစ်နိုင်ငံသက်ဆိုင်ရာကမ်းရိုးတန်းများအား ITLOS မှ သတ်မှတ်ရာ၌ မြန်မာနိုင်ငံမှ တင်ပြတောင်းဆိုသည့် Cape Negrais အထိ သတ်မှတ်ပေးခဲ့ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကမ်းရိုးတန်းသတ်မှတ်မှုကို လက်မခံခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ITLOS မှ ဆုံးဖြတ်သော သက်ဆိုင်ရာကမ်းရိုးတန်းအလျားများ ဆုံးဖြတ်မှုမှာ သင့်လျော်မှန်ကန်မှုရှိပြီး ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာကမ်းရိုးတန်းအလျားအချိုးမှာ ၁ း ၁ ဒသမ ၄၂ ဖြစ်ရာ ရရှိဧရိယာအချိုးမှာ ၁ း ၁ ဒသမ ၅၄ ဖြစ်ပါကြောင်း။

ITLOS မှ သတ်မှတ်သော နယ်နိမိတ်မျဉ်းအရ မိမိတို့ လက်ရှိလုပ်ကိုင်ဆောင်ရွက်နေသော AD-7၊AD-8 နှင့်AD-9 ရေနံလုပ်ကွက်များသည် မိမိဘက်တွင် ကျရောက်ပြီး လွတ်လွတ်ကင်းကင်းဖြစ်နေသည့်အပြင် ကမ်းနီးပိုင်းတွင် ရေနံထုတ်လုပ်ရန်အလားအလာကောင်းများရှိနိုင်သော ရေပြင်ဧရိယာများပိုမိုရရှိလာသည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၀၈ ခုနှစ်က မိမိတို့ရေနံလုပ်ကွက် AD-7တွင် အစမ်းတွင်းတူးဖော်နေမှုအား ရပ်တန့်ရန်နှင့် ၎င်းတို့ဧရိယာဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်က ပြောဆိုဟန့်တားမှုများ ပြုလုပ်ခဲ့သော ရေပြင်ဧရိယာသည် ITLOS မှ ဆုံးဖြတ်ပေးခဲ့သည့် နယ်နိမိတ်မျဉ်းအရ မြန်မာဘက်က ပိုင်ဆိုင်သည်မှာ ထင်ရှားပေါ်လွင်ခဲ့ပါကြောင်း။

ITLOS ၏ အပြီးသတ်စီရင်ချက်တွင် ပိုင်နက်ပင်လယ်၊ ကမ်းလွန်ရေတိမ်ပိုင်းနှင့် သီးသန့်စီးပွားရေးဇုန် နယ်နိမိတ် (၃)ခုစလုံး သတ်မှတ်ရေးအတွက် ITLOS တွင် စီရင်ပိုင်ခွင့်ရှိကြောင်းကို တညီတညွတ်တည်း လက်ခံခဲ့ပါကြောင်း၊ ရေမိုင် (၂၀၀) ကျော်လွန်သည့် ကမ်းလွန်ရေတိမ်ပိုင်း နယ်နိမိတ်နှင့်ပတ်သက်၍ ITLOS တွင် စီရင်ပိုင်ခွင့်ရှိကြောင်း ဘင်္ဂလားဒေ့ရှ်၏ တောင်းဆိုချက်အား တရားသူကြီး ထောက်ခံမဲ (၂၁) မဲ၊ ကန့်ကွက်မဲ (၁)မဲဖြင့် ဆုံးဖြတ်ခဲ့ပါကြောင်း၊ ပိုင်နက်ပင်လယ်နယ်နိမိတ်အတွက် နှစ်နိုင်ငံကြား သဘောတူစာချုပ်မရှိကြောင်း၊ မြန်မာ၏ တောင်းဆိုချက်အား ထောက်ခံမဲ (၂၀)၊ ကန့်ကွက်မဲ (၂)မဲဖြင့် ဆုံးဖြတ်ခဲ့ပါကြောင်း၊ ပိုင်နက်ပင်လယ်နယ်နိမိတ်အား အလယ်မျဉ်းမူအပေါ် အခြေခံရေးဆွဲလျက် စိန့်မာတင်ကျွန်းအား ဝိုက် (Envelope) ၍ ပိုင်းခြားပေးရန် မြန်မာ၏ တောင်းဆိုချက်အား ထောက်ခံမဲ (၂၁)မဲ၊ ကန့်ကွက်မဲ (၁)မဲဖြင့် ဆုံးဖြတ်ခဲ့ပါကြောင်း၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်း နယ်နိမိတ်အား Equidistance Relevant Circumstances ဖြင့် ပိုင်းခြားရန် မြန်မာ၏ တောင်းဆိုချက်အား ထောက်ခံမဲ (၂၁)မဲ၊ ကန့်ကွက်မဲ (၁)မဲဖြင့် ဆုံးဖြတ်ခဲ့ပါကြောင်း။

ယခု ITLOS က သတ်မှတ်ထားသော နယ်နိမိတ်မျဉ်းအရ မြန်မာနိုင်ငံက လက်ရှိ ရှာဖွေတူးဖော်မှုပြုနေသော AD-7၊ AD-8၊ AD-9 အပါအဝင် ရေနံကွက်အားလုံးသည် မိမိနိုင်ငံ၏ ရေနယ်နိမိတ်အတွင်းပင် မူလအတိုင်း ကျရောက်နေပါကြောင်း၊ သို့ဖြစ်၍ မိမိရေနံလုပ်ကွက်အားလုံးကို မိမိရေပိုင်နက်အတွင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် ခိုင်မာသည့်အတည်ပြုချက်ကို ရရှိခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံက ရှာဖွေတွေ့ရှိထားသော A-1 / A-3 သဘာဝဓာတ်ငွေ့သိုက်များနှင့် ပတ်သက်၍ ၁၉၉၇ ခုနှစ်တွင် A-1 အား A1-1နှင့် A1-2 အဖြစ် ပြန်လည်၍ လုပ်ကွက်များ သတ်မှတ်ထားခဲ့ပြီး ယင်းလုပ်ကွက်များမှာ ထိုစဉ်ကပင် မြန်မာဘက်တွင် လွတ်လွတ်ကင်းကင်းကျရောက်ပါကြောင်း၊ ITLOS က ရေမိုင် (၂၀၀) ထက်ကျော်လွန်သည့် ကမ်းလွန်ရေတိမ်ပိုင်း နယ်နိမိတ်အတွက် စီရင်ပိုင်ခွင့်ရှိကြောင်း ဆုံးဖြတ်ချက်သည် ကုလသမဂ္ဂကမ်းလွန်ရေတိမ်ပိုင်း ကော်မရှင်၏ လုပ်ငန်းအား ဝင်ရောက်စွက်ဖက်ခြင်း ထိခိုက်ခြင်း မဟုတ်သည်ကို သိရှိရပါကြောင်း။ *စာမျက်နှာ ၄ ကော်လံ ၁ သို့*



မြန်မာနိုင်ငံ၏ ပင်လယ်ပိုင်နက်ကို ဖြတ်တောက်ရေးဆွဲ၍ ဘင်္ဂလားဒေ့ရှ်က တောင်းဆိုသော နယ်နိမိတ်မျဉ်းများ။

ဘင်္ဂလားဒေ့ရှ်နိုင်ငံက တောင်းဆိုသော ပိုင်နက်ပင်လယ်နယ်နိမိတ်မျဉ်း။

စာမျက်နှာ ၃ မှ

တစ်ဆက်တည်းပင် မြန်မာနိုင်ငံသည် ယင်း၏ ကမ်းလွန်ရေတိမ်ပိုင်းအား ရေမိုင် (၂၀၀) ထက်ကျော်လွန်၍ ရေမိုင် (၃၅၀)အထိ တိုးချဲ့သတ်မှတ်ခွင့်ရရှိစေရန် ကော်မရှင်သို့ ၁၆-၁၂-၂၀၀၈ ရက်တွင် တင်သွင်းခဲ့ကြောင်း၊ ဤသို့ တင်သွင်းရာတွင် ကုလသမဂ္ဂပင်လယ်ဥပဒေကွန်ဗင်းရှင်းက သတ်မှတ်ထားသည့် ပြဋ္ဌာန်းချက်များအတိုင်း သိပ္ပံနည်းပညာသက်သေခံအထောက်အထားများဖြင့် ပြဆိုခဲ့ကြောင်း၊ မြန်မာ၏ တင်သွင်းချက်သည် ကော်မရှင်၏ တန်းစီဇယားတွင် အစောဆုံးနေရာတွင် ရှိနေသည်ကို သိရှိရပါကြောင်း၊ မြန်မာ၏ တင်သွင်းချက်အပေါ် ဘင်္ဂလားဒေ့ရှ်က ကန့်ကွက်ခြင်း၊ နှစ်နိုင်ငံအမှုဖြစ်ပွားနေခြင်းကြောင့် ကော်မရှင်က စဉ်းစားရန် ရွှေ့ဆိုင်းခဲ့ပါကြောင်း။

ဘင်္ဂလားဒေ့ရှ်က ယခု ITLOS တွင် မြန်မာနိုင်ငံသည် ရေမိုင် (၂၀၀) ထက်ကျော်လွန်တိုးချဲ့ခွင့်မရှိကြောင်း၊ ရခိုင်ပင်မကမ်းရိုးတန်းမှ ရေမိုင် (၅၀)အထိသာ ရပိုင်ခွင့်ရှိကြောင်း တောင်းဆိုမှုအား ITLOS က လက်မခံခဲ့ပါကြောင်း၊ သို့သော် ယခု ITLOS ၏ စီရင်ချက်သည် ကုလသမဂ္ဂသို့ အချိန်မီတင်သွင်းထားသည့် နိုင်ငံတစ်နိုင်ငံ အတွက် နစ်နာမှုမရှိစေရန်နှင့် ဆုံးဖြတ်မည့် အဖွဲ့အစည်းမရှိဘဲ လိပ်ခဲတည်းလည်း (Dead-lock) ဖြစ်နေသည့် အခြေအနေအား ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း၊ မြန်မာ နိုင်ငံ၏ ရေမိုင်(၂၀၀)ကျော် ကမ်းလွန်ရေတိမ်ပိုင်းအတွက် အလားအလာကောင်း သည်ကို သိရှိရပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်သည်လည်း ရေမိုင် (၂၀၀)ကျော်လွန်သည့် ကမ်းလွန်ရေတိမ်ပိုင်း တိုးချဲ့သတ်မှတ်နိုင်ရန် ကုလသမဂ္ဂကမ်းလွန်ရေတိမ်ပိုင်း ကော်မရှင်သို့ ၂၅-၂-၂၀၁၁ ရက်တွင် တင်သွင်းခဲ့ကြောင်း၊ ကော်မရှင်၏ လုပ်ငန်းတာဝန်မြားမြောင်မှုအရလည်းကောင်း၊ တန်းစီဇယားအရလည်းကောင်း ယင်း၏ တင်သွင်းချက်အား အစောဆုံး ၂၀၃၆ ခုနှစ်တွင်မှ ကော်မရှင်က စဉ်းစားနိုင်မည်ဖြစ်ကြောင်းကိုလည်း သိရှိရပါကြောင်း။

ဤသို့ ကမ်းလွန်ရေတိမ်ပိုင်းအား ရေမိုင် (၃၅၀)အထိ တိုးချဲ့ခွင့်ရရှိစေရန် ကမ္ဘာ့နိုင်ငံအများစုတို့သည် ကုလသမဂ္ဂသို့အပြိုင်အဆိုင် တင်ပြနေကြကြောင်း၊ ရေမိုင် (၃၅၀)အထိပင်လယ်ရေနက်ပိုင်းတွင် အလွန်ရှားပါးသည့် ကမ္ဘာ့အဖိုးတန် သယံဇာတများ လုံးဝရှာဖွေတူးဖော်ခြင်းမပြုရသေး၍ဖြစ်ကြောင်း၊ ရေမိုင် (၂၀၀)ကျော် ဧရိယာတွင် ရှာဖွေတူးဖော်ရန်အတွက် စိတ်ဝင်စားသည့် စီးပွားရေးအုပ်စုများနှင့် တိုးချဲ့သတ်မှတ်နိုင်သည့် နိုင်ငံများအကြား အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့် အနာဂတ်အလားအလာအလွန်ကောင်းသောကြောင့် ကမ္ဘာ့နိုင်ငံများက အထူးအာရုံစိုက်လုပ်ဆောင်နေကြကြောင်းကိုလည်း သိရှိရပါကြောင်း၊ ITLOS ၏ ဆုံးဖြတ်ချက်သည် နှစ်နိုင်ငံစလုံးအတွက် တရားမျှတမှု သာတူညီမျှမှုရှိပြီး တရားသူကြီးများသည် သမာသမတ်ဖြင့် ဥပဒေ၊ နည်းပညာရှုထောင့်များက ကျယ်ပြန့်စွာ သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံက အခြေခံရယူထားသည့် ဥပဒေအချက်အလက်များသည် အပြည့်အဝမှန်ကန်မှုရှိသည့်အတွက် ITLOS က လက်ခံခဲ့သည်ကို သိရှိရပါကြောင်း။

ITLOS သည် မြန်မာနိုင်ငံတောင်းဆိုသည့် နယ်နိမိတ်မျဉ်းအား မပေးသကဲ့သို့ ဘင်္ဂလားဒေ့ရှ်တောင်းဆိုသည့်မျဉ်းကိုလည်းမပေးကြောင်း၊ ပင်လယ်ဥပဒေကွန်ဗင်းရှင်း၏အနှစ်သာရအရ ဘင်္ဂလားဒေ့ရှ်အားပင်လယ်ဘက်သို့ထွက်ပေါက်ပေးရန်လိုအပ်ခြင်း၊ သဘာဝအနေအထားအရ ယင်း၏ ကမ်းရိုးတန်းအလွန်အမင်းချိုင့်ဝင်နေမှု (Concavity) အား မျှတစွာစဉ်းစားပေးရန်လိုခြင်းတို့ကြောင့် ဘင်္ဂလားဒေ့ရှ်အတွက် မျှတသော ရလဒ်ဖြစ်စေရန် မြန်မာဘက်က အဆိုပြုသည့် နည်းလမ်းအပေါ် အခြေခံ၍ ပင်လယ်ဥပဒေပြဋ္ဌာန်းချက်များ၊ အပြည်ပြည်ဆိုင်ရာဥပဒေမူများနှင့်အညီ မျှတစွာ သတ်မှတ်ပေးခြင်းဖြစ်သည်ကို သိရှိရပါကြောင်း၊ ဤသို့ ITLOS က တရားမျှတစွာ ဆုံးဖြတ်ဆောင်ရွက်ခဲ့သည့်အတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ ပင်လယ်နယ်နိမိတ် အငြင်းပွားမှုအား ငြိမ်းချမ်းစွာ ဖြေရှင်းပြီးစီးခဲ့ပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်းဆက်ဆံရေးကို ထိန်းသိမ်းသွားနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဥပဒေကြမ်းအတည်ပြုခြင်းကဏ္ဍ၌ ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း ဖြင့် တင်ပြထားသော ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အကျုံးမဝင်သော ဆွေးနွေးချက်များအပေါ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး ပြင်ဆင်ချက်ဖြင့် အကျုံးဝင်သော ဥပဒေကြမ်း၏ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အတည်ပြုချက်ရယူဆောင်ရွက်သည်။

ထိုသို့ဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြည်ထောင်စု၏ ဘတ်ဂျက်အသုံးစရိတ်များလျှော့ချခြင်းအပြင် အပိုထောက်ပံ့ကြေးနှင့်လုပ်ခတိုးမြှင့်ပေးခြင်း၊ ဒေသစရိတ်ခွင့်ပြုပေးခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များသို့ ထောက်ပံ့ငွေနှင့် ချေးငွေများ တိုးမြှင့်ပေးရခြင်းစသည့် အသုံးစရိတ်ပြောင်းလဲမှုများကြောင့် ပြည်ထောင်စု၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းအား ပြင်ဆင်ရေးဆွဲခဲ့ရပါကြောင်း၊ ထိုသို့ပြင်ဆင်ရေးဆွဲရာတွင် ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးဖြစ်သော ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကိုရေးဆွဲခဲ့ပါကြောင်း၊ မူလက လိုငွေ ၂၅၁၇၈၈၈ သန်းရှိနေရာမှ ယခုပြင်ဆင်ရေးဆွဲခြင်းကြောင့် လိုငွေ ၁၉၅၃၇၁၂သန်းအထိလျော့ကျခဲ့ပြီး လိုငွေနှင့် GDP အချိုးမှာလည်း ယခင်က ၄ ဒသမ ၉ ရာခိုင်နှုန်းမှ ယခုအခါ ၃ ဒသမ ၈ ရာခိုင်နှုန်းအထိ လျော့ကျခဲ့ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ၂၀၀၇ ခုနှစ် ဧပြီ ၁ ရက်မှ စတင်၍ စရိတ်မျှပေးဝင်ငွေမှ ရရှိသည့်ငွေများတွင် အရင်းငွေကိုနုတ်ပယ်လျက် ကျန်ငွေ၏ ၅၀ ရာခိုင်နှုန်းကို နိုင်ငံတော်၏ သာမန်ရငွေအဖြစ် ပေးသွင်းခဲ့ပါကြောင်း၊ ဆေးဝါးများရောင်းချရငွေအား လှည့်ပတ်ရန်ပုံငွေအဖြစ် ဆောင်ရွက်ရာတွင် ချို့တဲ့သူများ၊ ဆင်းရဲနွမ်းပါးသူများ၊ မတတ်နိုင်သူများ၊ အကျဉ်းသားများ၊ ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ဥပဒေအရခံစားခွင့်ပြုထားသော ပုဂ္ဂိုလ်များအား အခမဲ့ထောက်ပံ့ခဲ့ပါကြောင်း၊ ရောဂါတိုက်ဖျက်ရေးဆေးဝါးများကိုမူ လူနာအားလုံးအတွက် အခမဲ့ခွင့်ပြုခဲ့ပါကြောင်း၊ ဆေးဖိုးငွေကိုတတ်နိုင်သူများအား ငွေကြေးကျခံစေသောစနစ်ဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ အလားတူ ဓာတ်မှန်ရိုက်ခြင်း၊ ဓာတ်ခွဲခြင်းများကိုလည်း ဖော်ပြပါ ပုဂ္ဂိုလ်များအတွက် အခမဲ့ဝန်ဆောင်မှုပေးပြီး ကျန်ရရှိငွေများမှသာ ၂၅ ရာခိုင်နှုန်းကို နိုင်ငံတော်သို့ ပေးသွင်းခြင်းဖြစ်ပါကြောင်း၊ စရိတ်မျှပေးကျန်းမာရေးဆိုသည်မှာ ဆေးရုံများအတွက် လိုအပ်သည်များကို ဥပဒေနှင့်အညီ သုံးစွဲခွင့်ရရှိခြင်း၊ တတ်နိုင်သူများကိုသာ ငွေကြေးကျခံပြီး ချို့တဲ့သူများ၊ ဆင်းရဲနွမ်းပါးသူများ၊ မတတ်နိုင်သူဝန်ထမ်းများ၊ အကျဉ်းသားများ၊ ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များ (ဘုန်းတော်ကြီး၊ သီလရှင်များ)နှင့် ဥပဒေအရခံစားခွင့်ပြုထားသော ပုဂ္ဂိုလ်များကို အခမဲ့ပေးခြင်းဖြင့် ဆေးရုံများတွင် ပြည်သူများအတွက် အဆင်ပြေစေရန်ဝန်ဆောင်မှုပေးနေခြင်းဖြစ်ပြီး နိုင်ငံတော်က လက်ရှိဆောင်ရွက်လျက်ရှိသော မူဝါဒများနှင့်အညီ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရငွေသုံးငွေများနှင့်စပ်လျဉ်းသည့် တင်ပြချက်များတွင် ဖော်ပြထားသောစီမံကိန်းများသည် ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်စေရန် အဓိကရည်ရွယ်ပြီး ဆောင်ရွက်မည့် စီမံကိန်းများဖြစ်ခြင်း၊ စီမံကိန်းများအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ရန်ပုံငွေ ခွင့်ပြုခဲ့ရမှုအပေါ် မူတည်၍ အတော်အတန်ခရီးရောက်အောင် ဆောင်ရွက်ပြီးဖြစ်ခြင်း၊ စီမံကိန်းပစ္စည်းများလည်း ဝယ်ယူရေးဆောင်ရွက်နေပြီဖြစ်ခြင်းတို့ကြောင့် အဆိုပါ စီမံကိန်းများအား ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုပေးနိုင်ရေး ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်တင်ပြခဲ့ရာ ခွင့်ပြုခဲ့ပြီးဖြစ်ပါသောကြောင့် ယင်းစီမံကိန်းများအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း ပါ ဥပဒေကြမ်း၏အမည်၊ အပိုင်းခေါင်းစဉ်၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၊ အပိုဒ် ၂၊ အပိုဒ် ၃(က၊ခ၊ဂ)၊ အပိုဒ် ၄(ခ)၊ အပိုဒ် ၆ (က)နှင့် အပိုဒ်ခွဲငယ်(၁)၊ အပိုဒ် ၆(ခ)၊ အပိုဒ် ၈၊ အပိုဒ် ၁၀၊ အပိုဒ် ၁၂(က)၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅(က၊ဃ၊ဆ)၊ အပိုဒ် ၁၆ (က၊ ဂ)၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၂၀၊ အပိုဒ် ၂၂၊ ဥပဒေကြမ်း၏ ဇယား ၁မှ ၁၀ အထိတို့ကို မူလဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်အတိုင်းထားရှိရန်လည်းကောင်း၊ အပိုဒ် ၃(ဃ)၊ အပိုဒ် ၄(ဂ)၊ အပိုဒ် ၅၊ အပိုဒ် ၆(က)(၂)(၃)၊ အပိုဒ် ၇၊ အပိုဒ် ၉၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂(ခ)၊ အပိုဒ် ၁၅ (ခ၊ဂ၊င၊စ)၊ အပိုဒ် ၁၆(ခ)၊ အပိုဒ် ၁၉(က၊ခ)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၃(က)၊ အပိုဒ် ၂၄ တို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်းလည်းကောင်း၊ အပိုဒ် ၄(က)၊ အပိုဒ် ၆(ဂ)၊ အပိုဒ် ၂၃(ခ)တို့နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ပြင်ဆင်ချက်အတိုင်းလည်းကောင်း အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးသာက မိမိတို့ကော်မတီအနေဖြင့် မူလစီမံကိန်း ဥပဒေကြမ်းတွင်စုပေါင်း၍ တစ်လုံးတစ်ခဲတည်းရန်ပုံငွေဖော်ပြခြင်းကိစ္စရပ်များ၌ သက်ဆိုင်ရာဌာနအနေဖြင့်သာ စိစစ်ဆောင်ရွက်နိုင်ရန် ရာခိုင်နှုန်းသာ စိစစ်လျှော့ချရွှေ့ဆိုင်းမှုပြုလုပ်ခဲ့ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် မူလလျှော့ချ၊ ဆိုင်းငံ့၊ ရွှေ့ဆိုင်းရန်အတွက် ၅၂ ဒသမ ၉၃ ရာခိုင်နှုန်းလျှော့ချရန် အဆိုပြုခဲ့ခြင်းအပေါ် သက်ဆိုင်ရာဌာနက ၃၀ ဒသမ ၁၉ ရာခိုင်နှုန်းသာ လျှော့ချခဲ့ပါကြောင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ မူလတင်ပြတောင်းခံအသုံးစရိတ်တွင် ငွေကျပ် ၃၄၂၆၆၃ ဒသမ ၄၇၉ သန်းအပေါ်၌ စီမံကိန်းအချို့အား ဖော်ပြလျက် ၃၇ ဒသမ ၈၉ ရာခိုင်နှုန်းလျှော့ချရန် လျာထားခဲ့သော်လည်း စုစုပေါင်း *စာမျက်နှာ ၅ ကော်လံ ၁ သို့*



ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ Memorial တွင် သတ်မှတ်ထားသော ဘင်္ဂလားဒေ့ရှ်-မြန်မာ ကမ်းရိုးတန်း အလျားနှင့် ဧရိယာ ရရှိမှုအချိုး။



ITLOS မှ ဆုံးဖြတ်သော ပင်လယ်ပြင်နယ်နိမိတ်မျဉ်းအရ ရရှိသော နှစ်နိုင်ငံ ရေဧရိယာ။

စာမျက်နှာ ၄ မှ

တောင်းခံငွေအပေါ်တွင် ၉ ဒသမ ၉၃ ရာခိုင်နှုန်းကိုသာလျှော့ချရန် အဆိုတင်သွင်းခဲ့ပါကြောင်း၊ ၉ ဒသမ ၉၃ ရာခိုင်နှုန်းလျှော့ချလိုသည့် စီမံကိန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနက ရွေးချယ်ဆောင်ရွက်နိုင်ပါသဖြင့် အောင်သပြေ-နောင်ယာဆိုင် ၃၃ ကေဗွီလိုင်း စီမံကိန်းနှင့် သထုံ-မော်လမြိုင် ၂၃၀ ကေဗွီလိုင်း စီမံကိန်းတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနက ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် စီမံကိန်းများ၌ ပြန်လည်စဉ်းစားပြီး ဦးစားပေးထည့်သွင်းဆောင်ရွက်ပါက ဖြစ်နိုင်ခြေရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း တစ်ရပ်လုံးအား အတည်ပြုရန်အတွက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အဆိုတင်သွင်းရာ လွှတ်တော်ကအတည်ပြုဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ဥပဒေကြမ်းဆွေးနွေးခြင်းကဏ္ဍ၌ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၏ အပိုဒ် ၂၇(ခ)နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းထားသည့် ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန်၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင်၊ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန်၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ၊ ကျောက်ဖြူ မဲဆန္ဒနယ်မှ ဦးဘရှိန်နှင့် ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုးတို့က ဆွေးနွေးကြသည်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မတ် ၂၃ ရက်တွင် လွှတ်တော်၏ အဆုံးအဖြတ်ရယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို ညနေ ၃ နာရီခွဲတွင် ရပ်နားပြီး အစည်းအဝေး (၂၆) ရက်မြောက်နေ့ကို မတ် ၂၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)



၂၀၀၈ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်က ယင်းရေပိုင်နက်အတွင်း ကျူးကျော်ကြောင်း တောင်းဆိုခဲ့သော်လည်း ITLOS ဆုံးဖြတ်ချက်အရ မြန်မာရေပိုင်နက်အတွင်း မူလကပင် တည်ရှိခဲ့သော AD-7 ရေနံလုပ်ကွက်။

မတ် ၁၀ ရက်က ကမာရွတ်မြို့နယ် အမှတ်(၄)ရပ်ကွက်၌ ဖွင့်လှစ်သော နွေရာသီယဉ်ကျေးလိမ္မာသင်တန်းတွင် သင်တန်းသား သင်တန်းသူ ကလေးငယ်များအား ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အာဟာရ ကျွေးမွေးလှူဒါန်းစဉ်။ (မြန်မာ့အလင်း)

❍ ကျောဖုံးမှ

ဒဂုံတို့၊ ရှမ်းစတားတို့လိုမျိုး ဂျစ်တွေဆိုရင် ကျပ်သိန်း ၆၀ ဝန်းကျင်၊ လိုက်ထရပ်ကတော့ ပုံမှန်ဈေး ကျပ်သိန်း ၁၃၀ မှာပဲ တန်းနေပါတယ်။ အာတီအေ ပြဿနာတွေ ရှိတတ်တဲ့ တောင်းအေ့စ်တွေကတော့ ပိုင်ရှင်ကဖြုတ်ချင်ပေမယ့် ဝယ်လက်နည်းပါးနေသေးတယ်” ဟု ပွဲစားတစ်ဦးက ပြောပြသည်။

ယခုအခါတွင် ဟံသာဝတီ ကားပွဲစားတန်း ကားဈေးကွက်အတွင်း အရောင်းအဝယ်ထက် အငှားလုပ်ငန်းများသာ ပိုမိုအလုပ်ဖြစ်လျက်ရှိနေပြီး အငှားဈေးကွက်မှာ နေ့စဉ် တက်ရိပ်ပြနေကြောင်း သိရှိရသည်။

“သင်္ကြန်အတွက် အခုကတည်းက ကြိုငှားထားကြတယ်။ အခုအချိန်ငှားထားမှ ဈေးသက်သာတယ်လေ။ သင်္ကြန်နီးလာတာနဲ့ အငှားဈေးက မြင့်တက်သွားနိုင်တယ်။ အခုအချိန်မှာတော့ ဈေးက သောင်းဂဏန်းသာ တက်သေးတယ်။ ဈေးနှုန်းကတော့ မငြိမ်ဘူး”ဟု လက်ရှိ ဈေးကွက်အခြေအနေကို ပွဲစားများက ပြောပြသည်။

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

မတ် ၂၂ ရက်က အစုလိုက်ဝက်သက်ကာကွယ်ဆေးထိုးလုပ်ငန်းအဖြစ် ကမာရွတ်မြို့နယ် အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသင်းသင်းခိုင်နှင့် မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်သင်းသင်းအေးတို့ ပါဝင်သော ကျန်းမာရေးဝန်ထမ်းများက ကလေးငယ်များအား ဝက်သက်ကာကွယ်ဆေးများ ထိုးနှံပေးကြစဉ်။ (၁၆၃)

စစ်တွေမြို့၏ ရေလိုအပ်ချက် ထပ်မံဖြည့်ဆည်းပေးနိုင်ရန် ဆတ်ရိုးကျရေလှောင်ကန်မှ ဒုတိယအဆင့် ထပ်မံတိုးချဲ့တူးဖော်

ကြည့်ရှုစစ်ဆေး

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်တို့ စစ်တွေမြို့ ကန်တော်ကြီး မြေသားရေလှောင်ကန်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၂

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်တို့သည် မတ် ၂၀ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မြို့ပေါ်ရပ်ကွက် ၂၆ ရပ်ကွက်သို့ ရေဖြန့်ဝေပေးလျက်ရှိသော ကန်တော်ကြီး မြေသားရေလှောင်ကန်ကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါကန်တော်ကြီး ရေလှောင်ကန်သည်(၁၃၆ ဒသမ ၄၇)ဧက ကျယ်ဝန်းပြီး စစ်တွေမြို့ဒေသခံများအတွက် ရေအဓိကဖြန့်ဝေပေးသည့် ကန်ဖြစ်သည်။

ထို့နောက် ရေပေးဝေရေး တိုးချဲ့သည့်လုပ်ငန်းဖြစ်သော ဆတ်ရိုးကျရေလှောင်ကန်ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆတ်ရိုးကျရေလှောင်ကန်မှ ပထမအဆင့် တိုးချဲ့မှုအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော် ထောက်ပံ့ငွေကျပ် ၁၆၇ ဒသမ ၆၈ သန်း၊ စည်ပင်သာယာရေးရန်ပုံငွေ ၂၇ ဒသမ ၅၄ သန်း စုစုပေါင်းငွေကျပ် ၁၉၅ ဒသမ ၂၂ သန်းဖြင့် ဧက ၅၀ ကို တာပေါင်အဖြစ် ပေ ၆၄၀၀ မြှင့်တင်နိုင်ခဲ့ခြင်းကြောင့် မြို့ပေါ်ရပ်ကွက်များသို့ ရေဂါလန် ၂ ဒသမ ၆ သိန်း ပိုမိုဖြန့်ဝေပေးနိုင်ခဲ့ပြီး စစ်တွေမြို့၏ တိုးတက်လာသော လူဦးရေအား ရေလိုအပ်ချက် ထပ်မံဖြည့်ဆည်းပေးနိုင်ရန်အတွက် ဆတ်ရိုးကျ ရေလှောင်ကန်မှ ဒုတိယအဆင့်တိုးချဲ့မှုအနေဖြင့် ဧက ၈၀ ကို ထပ်မံတိုးချဲ့တူးဖော်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးပါက ရေဂါလန် လေးသိန်း တိုးချဲ့ဖြန့်ဝေပေးနိုင်မည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် စက်မှုရပ်ကွက်သစ်နှင့် စက်ရုံစုရပ်ကွက်တို့သို့ ဆက်သွယ်မည့် ဆတ်ရိုးကျ ချောင်းကူးတံတား ပေ ၂၅၀ × ၁၈ ပေ ဘိုးပိုင် သံကူကွန်ကရစ်တံတား တည်ဆောက်မည့်မြေနေရာကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ စစ်တွေမြို့ မကျည်းမြိုင်ရပ်ကွက်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန လူငယ်သင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းခန်းမ၊ အိပ်ဆောင်၊ စားရိပ်သာနှင့် သင်တန်းခန်းမများကို ကြည့်ရှုစစ်ဆေးကာ ကျောင်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ကျောင်းသားများ၏ နေထိုင်စားသောက်ရေးအတွက် ဖြည့်စွက်ပေးနိုင်ရန် အလှူငွေကျပ် ၁၅ သိန်းကို ကျောင်းအုပ်ကြီးထံ ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံခဲ့

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၃

၂၀၁၂ ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်သော ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဟီနာရာဘာနီခါထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

ဖွင့်လှစ်ပေး

(၆၇) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သာယာဝတီမြို့နယ်ရှိ ပန်းဆွဲလမ်း ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားကို မတ် ၁၈ ရက်က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်သန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးမြင့်လွင်ဦးနှင့် သာယာဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးလှမျိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြန်မာ့အလင်း)

ကျောင်းအဆင့်တိုးမြှင့်ခွင့်ပြုလွှာပေးအပ်ပွဲ အခမ်းအနားများ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း တက်ရောက်အားပေး

နေပြည်တော် မတ် ၂၂

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းသည် မတ် ၂၁ ရက်တွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ညောင်ပင်ကုန်းကျေးရွာနှင့် သရက်ကန်ကျေးရွာ မူလတန်းကျောင်းတို့၌ ကျင်းပသည့် ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုသည့် ခွင့်ပြုလွှာပေးအပ်ပွဲအခမ်းအနားများသို့ တက်ရောက်အားပေးပြီး အမှာစကားပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုလွှာများကို ကျောင်းအုပ်များထံ ပေးအပ်သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၏ဇနီးက ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများနှင့် စေတနာရှင်များက ပညာရေးငွေပဒေသာပင်များ လှူဒါန်းကြပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

လှူဒါန်းခဲ့

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြိုင်မြို့နယ် ကိုင်းတောမကျေးရွာ၌ ကျင်းပသည့် ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။ အခမ်းအနားတွင် စေတနာရှင်များက ကိုင်းတောမကျေးရွာ စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်နှင့် စာကြည့်တိုက်ရန်ပုံငွေများ လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ ခွဲစိတ်ခန်းသုံးရေသန့်စင်စက် တပ်ဆင်အသုံးပြုပြီ

နေပြည်တော် မတ် ၂၂

နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး ခွဲစိတ်ကုသဆောင်သောက်သုံးရေသန့်ရရှိရေးအတွက် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန၏ ကူညီစီစဉ်မှုဖြင့် TAC Water Engineering Enterprise က ခွဲစိတ်ခန်းသုံး ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းကို မတ် ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ မတ် ၁၄ ရက်က အောင်မြင်စွာ တပ်ဆင်ပြီးစီးခဲ့ပြီ ဖြစ်သည်။

အဆိုပါ ခွဲစိတ်ခန်းသုံး ရေသန့်စင်စက် (OT Water System) သည် အရည်အသွေးစိတ်ချရသော စက်ပစ္စည်းအစိတ်အပိုင်းများ (US NSF Standanrd Filtration) ဖြင့် တပ်ဆင်ပြုလုပ်ထားသဖြင့် ရေအရည်အသွေး မြင့်မားကောင်းမွန်ကြောင်း သိရသည်။

ယခင်က သောက်သုံးရေအတွက် နေပြည်တော်ကောင်စီမှ ဖြန့်ဝေပေးသည့်ရေကိုသာ အသုံးပြုခဲ့ရပြီး ယခုအခါ ရေသန့်စင်စက် တပ်ဆင်နိုင်မှုကြောင့် ဆေးရုံသုံးပစ္စည်းများနှင့် ခွဲစိတ်ခန်းသုံးပစ္စည်းများကို ရေသန့်ဖြင့် အသုံးပြုနိုင်သဖြင့် ပိုမိုတာရှည်ခံသည့် အကျိုးကျေးဇူးများရရှိကြောင်း၊ ထို့ပြင် ပြင်ပလူနာဌာန၌ ရေသန့်စင်စက် တစ်လုံး ထပ်မံတပ်ဆင်သွားရန် စီစဉ်ထားသဖြင့် လူနာများ၊ လူနာစောင့်များနှင့် ခွဲစိတ်ခန်း နှစ်ခန်းအတွက် ရေသန့်ရရှိမှု ပြည့်စုံသွားမည်ဖြစ်ကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ဖြူဖြူက ပြောကြားသည်။

ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနသည် နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီးဝင်းအတွင်း RG 02 တွင်းတူးစက်ဖြင့် ၄ လက်မစက်ရေတွင်းများကို ပေ ၃၀၀ မှ ပေ ၅၀၀ အထိ အောင်မြင်စွာ တူးဖော်ပေးနိုင်ခဲ့ပြီး ယခုရေသန့်စင်စက်သည် စက်ရေတွင်းခုနစ်တွင်းအနက်မှ ဓာတုဗေဒစမ်းသပ်ချက်များအရ အကောင်းဆုံးတွင်းမှရေကို အသုံးပြုခြင်းဖြစ်ကြောင်း သိရသည်။ (ကိုထွေး)



နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ဖြူဖြူနှင့် ခွဲစိတ်တာဝန်ကျ ဆရာဝန်များအား ခွဲစိတ်ခန်းသုံး ရေသန့်စက်နှင့်အတူ တွေ့ရစဉ်။

တာဝန်ခံညွှန်ချုပ် ဘောဂဗေဒဘာသာ ဖြေဆိုနေမှုကြည့်ရှုအားပေး

နေပြည်တော် မတ် ၂၂

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးအောင်ချိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၂)၊ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာနများနှင့် အမှတ်(၂)၊ အမှတ်(၃)၊ အမှတ်(၅)၊ အမှတ်(၇) အခြေခံပညာ အလယ်တန်းကျောင်း စာစစ်ဌာနများသို့ သွားရောက်၍ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျောက်မဲခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ မိုးပွင့်စီမံချက်(၂)အရ နိုင်ငံသားစိစစ်ရေး ကတ်ပြားများပေးအပ်ပွဲအခမ်းအနားကို မတ် ၁၁ ရက်က ကျောက်မဲမြို့နယ် မိုင်းတင်းကျေးရွာ ကျွန်းရွှေဝါခန်းမ၌ကျင်းပရာ ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းလှိုင်နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးအောင်သွင်ဦးတို့က နိုင်ငံသားအရည်အချင်းပြည့်မီသူ ၁၂၂ ဦးအတွက် ကတ်ပြားများ ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုင်းစိုးမောင် လက်ခံယူစဉ်။ (မြို့နယ်လဝက)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၃-၃-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀ နံနက်ခင်းသတင်း
၇း၅၀ သံသာချိုအေးမင်္ဂလာတေး
၈း၃၀ **(၆၇)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်**
၈း၄၀ International News
၈း၄၅ တေးဂီတအစီအစဉ်

ညပိုင်း

၄း၀၀ စစ်ချီတေး၊စစ်သည်တေး
၄း၂၀ တိုင်းရင်းသားရိုးရာအက
၄း၄၀ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅း၁၅ **(၆၇)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်**
၆း၀၀ ညနေခင်းသတင်း
၆း၂၀ ရသစုံလင်အင်တာနက်ဥယျာဉ်
၆း၅၀ **ထမ်စမ်းလိုဏ်ဂူတော်ခရီးသွားမှတ်တမ်း**
၇း၁၀ **ဒီမိုမွေးနေ့** (ဒါရိုက်တာ-အကယ်ဒမီ ဇော်မြင့်ဦး)
၈း၀၀ ပြည်တွင်းသတင်း
- နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ
- လျှပ်တစ်ပြက်ဟာသများ
နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာအသချိုး** (အပိုင်း-၁၇)
- သီချင်းချစ်သူ(စည်သူလွင်)

23-3 (06).pmd 1 3/23/2012, 2:50 AM

မွန်ပြည်နယ်နှင့် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် တည်ဆောက်ဖွင့်လှစ်ပေးထားသော ကျန်းမာရေးအခြေခံအဆောက်အအုံများ

သတင်းမှတ်စု - မောင်ငြိမ်းအေး

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် မြန်မာ့တိုင်းရင်းဆေးဝါးများဖြင့် ဒေသခံပြည်သူများအား ကုသမှုပေးလျက်ရှိသော မော်လမြိုင်တိုင်းရင်းဆေးရုံ(အပေါ်ပုံ)ကို တွေ့ရစဉ်။

ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် လွိုင်ကော်မြို့ရှိ ပြည်နယ်ပြည်သူ့ဆေးရုံ(ယာပုံ)ကို တွေ့ရစဉ်။

ကျေးလက်ပါမကျန် ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံပေးနိုင်ရန် မွန်ပြည်နယ် ရေးမြို့နယ်တွင် ဖွင့်လှစ်ပေးထားသော ဒူးယားတိုက်နယ်ဆေးရုံ(အပေါ်ယာပုံ)ကို တွေ့ရစဉ်။

ပြည်နယ်အတွင်းရှိ ကလေးသူငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် မွန်ပြည်နယ် မော်လမြိုင်မြို့တွင် တည်ဆောက်ဖွင့်လှစ်ပေးထားသော ကလေးကုသဆောင်(အောက်ပုံ)ကို တွေ့ရစဉ်။

(၆၇)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး
(၆၇)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

သမိုင်းမှတ်တိုင်...

ကျော်မင်းခေါင်

တူမောင်အောင်သူရ...

ဦးလေး သတိရခြင်းများစွာနဲ့ စာရေးလိုက်ပါတယ်။ ရှေ့တန်းမှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နေတဲ့ တူမောင်နှင့်တကွ တပ်မတော်သားစစ်သည်အားလုံး ဘေးဘယာဝေးကွာ ကျန်းမာချမ်းသာကြပါစေလို့ ဦးလေး အမြဲဆုတောင်းပေးနေပါတယ်။ ရှေ့တန်းကနေ Pay အဖွဲ့နဲ့ တူမောင်ပို့လိုက်တဲ့စာကိုလည်း ဦးလေးကောင်းစွာလက်ခံရရှိပါတယ်။ တူမောင်ရဲ့စာထဲမှာ... တူမောင်တို့ ရောက်နေတဲ့ တောင်တန်းတွေပေါ်ကနေပြီး ဟိုးအရှေ့ဘက်ဆီ လှမ်းမျှော်ကြည့်လိုက်ရင် ဖြူဖွေးလင်းလက်နေတဲ့ ရေခဲတောင်ကြီးတွေကို လှမ်းမြင်ရတယ်။ အရပ်မျက်နှာလေးဖက်စလုံးမှာလည်း မြူခိုးတိမ်တောင်တွေက အုံ့ဆိုင်းနေတယ်။ မြင်တွေ့ရတဲ့ သဘာဝမြင်ကွင်းတွေက အဝေးမှာကျန်ခဲ့တဲ့ ချစ်သူကြင်သူတွေကို ပိုပြီးသတိရစေပါတယ်။ ဒါပေမယ့်... ကျွန်တော်တို့လို ရှေ့တန်းမှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နေတဲ့ တပ်မတော်သားစစ်သည်တွေအဖို့ သတိရပြီး လွမ်းနေဖို့ အချိန်မရှိပါဘူးဦးလေးရယ်... ရေးထားတယ်နော်။ ဟုတ်ပါတယ် တူမောင်... တပ်မတော်သားစစ်သည်တွေဟာလည်း နှလုံးသားရှိတဲ့ လူသားတွေပဲမို့ မလွမ်းဘယ်သူရှိပါ့မလဲ။ ဒါပေမယ့်... လွမ်းတာတွေ သတိရတာတွေကို ဇာချဲ့ခံစားနေဖို့အချိန်မရှိတဲ့ လူသားတွေဖြစ်တယ်ဆိုရင် ပိုမှန်ပါလိမ့်မယ်။

တပ်မတော်သားစစ်သည်တစ်ဦးဖြစ်လာဖို့ဆိုတာကလည်း သာမန်စိတ်ဓာတ်မျိုးနဲ့တော့ မလွယ်ပါဘူးတူမောင်... အမိနိုင်ငံတော်ကို ကာကွယ်လိုစိတ်၊ ချစ်မြတ်နိုးစိတ်ရှိပြီး အမိနိုင်ငံတော်အတွက် စွန့်လွှတ်စွန့်စားလိုစိတ်ရှိတဲ့ယောကျ်ားမျိုးမှ နိုင်ငံ့သားကောင်း စစ်သည်တော်တစ်ဦး ဖြစ်လာရတာပါ၊ တပ်မတော်သား စစ်သည်တစ်ဦးဖြစ်လာခဲ့ရင်လည်း... ရိက္ခာ (၃)ရက်စာ အပါအဝင် တိုက်ပွဲဝင်ဝတ်စုံနဲ့ ငါးမိုင်မနားတမ်း အပြေးတက်နိုင်ရမယ်။ ၁၀ မိုင် မနားတမ်းလမ်းလျှောက်နိုင်ရမယ်။ တစ်နေ့ မိုင်သုံးဆယ်ခရီးပေါက်နိုင်ရမယ်ဆိုတဲ့ တပ်မတော်ခံနိုင်ရည်စံနှုန်းနဲ့ပြည့်စုံရမယ်။ တပ်မတော်သားတိုင်း ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာစောင့်ထိန်းရမယ့် စစ်သည်တော်ကျင့်ဝတ် (၆၀)နဲ့အညီ ကျင့်ကြံနေထိုင်နိုင်ရမယ်။ နောက်ပြီးတော့... အမြဲတမ်းလေ့ကျင့်နိုင်ရမယ်၊ အမြဲတမ်း စစ်ရေးသတိရှိရမယ်၊ အမြဲတမ်းတိုက်ပွဲဝင်ရန် အသင့်ဖြစ်ရမယ်ဆိုတဲ့ မြဲသုံးမြဲနဲ့လည်း ပြည့်စုံပြီး စစ်ရေးအမြင်၊ နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင် စတဲ့ အမြင်လေးမြင်နဲ့လည်း ပြည့်စုံရမယ် တူမောင်။

သားကောင်းစစ်သည်တစ်ဦးဖြစ်နေတဲ့ တူမောင်ကတော့ ဘမျိုးဘိုးတူ ဆိုရင် ပိုမှန်ပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ တူမောင့်ရဲ့အဘိုး ဗိုလ်ကြီးထွန်းမြတ်ဟာ ကျူးကျော်သူ ကူမင်တန် KMT တွေကို တိုက်ထုတ်ခဲ့တဲ့ မဲခေါင်စစ်ဆင်ရေးမှာ အမိနိုင်ငံတော်အတွက် အသက်စွန့်လှူသွားခဲ့တဲ့ စစ်သည်တော်တစ်ဦးဖြစ်သလို တူမောင့်အဖေ တပ်ကြပ်ကြီး ဘခက်ဟာလည်း ရန်သူဗကပတွေကို ရဲရဲဝံ့ဝံ့တိုက်ခိုက်ချေမှုန်းရင်း ကွမ်းလုံ ရက်(၄၀)တိုက်ပွဲမှာ ကျဆုံးသွားခဲ့တယ်။ တူမောင့်အဖေရဲ့ ညီဖြစ်တဲ့ ဦးလေးကတော့ ဗကပတွေရဲ့ ပြည်သိမ်းစီမံချက်ဖြစ်တဲ့ မိုင်းယန်းတိုက်ပွဲမှာ ရန်သူ့ကျည်ထိမှန်ပြီး ဘယ်ခြေထောက်တစ်ဖက် စွန့်လွှတ်ခဲ့ရတယ်။ ဒါကြောင့်... ဘမျိုးဘိုးတူပြီး မြန်မာ့တပ်မတော်ရဲ့ တပ်ဗိုလ်ကောင်းတစ်ယောက်ဖြစ်နေတဲ့ တူမောင့်အတွက် ဦးလေး အမြဲတမ်းဂုဏ်ယူလျက်ရှိပါတယ်။

တူမောင်အောင်သူရ...

နိုင်ငံတိုင်းမှာ မိမိတို့နိုင်ငံကို ကာကွယ်ဖို့အတွက် တပ်မတော်ဆိုတာရှိကြပြီး တပ်မတော်တိုင်းမှာ သူ့သမိုင်းကြောင်းနဲ့သူ ရှိကြတယ်။ အဲ့ဒီလိုသမိုင်းကြောင်းတွေရှိကြတဲ့အနက် မြန်မာ့တပ်မတော်ရဲ့ထူးခြားတဲ့သမိုင်းကြောင်းကတော့ အမိနိုင်ငံတော်ရဲ့ အမျိုးသားရေးလိုအပ်ချက်နဲ့ သမိုင်းရေးလိုအပ်ချက်တို့အရ တစ်မျိုးသားလုံး သူ့ကျွန်ဘဝကလွတ်မြောက်ဖို့အတွက် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့မှာ မြန်မာ့တပ်မတော်ကို ဗိုလ်ချုပ်အောင်ဆန်းဦးစီးတဲ့ ရဲဘော်သုံးကျိပ်က စတင်ထူထောင်ခဲ့ကြခြင်းပဲဖြစ်ပါတယ်။ ထူးခြားတဲ့သမိုင်းကြောင်းနဲ့ မွေးဖွားလာခဲ့တဲ့ မြန်မာ့တပ်မတော်ဟာ သစ္စာစောင့်သိမှု၊ အမိန့်နာခံတတ်မှု၊ စိတ်ဓာတ်ခိုင်မာမှုနဲ့ ဇွဲသတ္တိပြည့်ဝမှု၊ စစ်စည်းကမ်းကောင်းမွန်မှု၊ လေ့ကျင့်သားပြည့်ဝမှု၊ တိုက်ရည်ခိုက်ရည်ပြည့်ဝမှု၊ ကျန်းမာကြံ့ခိုင်မှု၊ အချင်းချင်း ရဲဘော်စိတ်ထားရှိမှု၊ စွန့်လွှတ်စွန့်စားမှု၊ သန္နိဋ္ဌာန်စိတ်ဖြင့် ရည်မှန်းချက်ပြီးမြောက်အောင် ဆောင်ရွက်မှုစတဲ့ ခိုင်မာ လေးနက်သော အား(၁၀)ပါးနှင့်လည်း ပြည့်စုံတဲ့တပ်မတော်ဖြစ်တယ်။

တူမောင်အောင်သူရ...

အမိနိုင်ငံတော်ကို ထာဝစဉ် ကာကွယ်စောင့်ရှောက်လျက်ရှိတဲ့ မြန်မာ့တပ်မတော်ဟာ သမိုင်းစဉ်တစ်လျှောက် ခေတ်အဆက်ဆက်မှာ နိုင်ငံတော်ရဲ့ အသက်သွေးကြောသဖွယ်ဖြစ်တဲ့ ဒို့တာဝန်အရေး(၃)ပါးကိုလည်း အသက်ပေးကာကွယ်စောင့်ရှောက်ခဲ့တဲ့ တပ်မတော်ဖြစ်တယ်။

လွတ်လပ်ရေးရပြီးခါစ နိုင်ငံတော်အတွင်းမှာ အယူဝါဒအမျိုးမျိုး၊ လူမျိုးရေးအယူအဆအဖုံဖုံနဲ့ ပြည်တွင်းရောင်စုံသောင်းကျန်းမှုကြီး အရှိန်အဟုန်နဲ့ ပေါ်ပေါက်လာခဲ့တယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကလည်း တစ်စတစ်စနဲ့ ယိုယွင်းလာခဲ့တယ်။ ပြည်တွင်းရောင်စုံသောင်းကျန်းမှုဂယက်ဟာ တဖြည်းဖြည်းနဲ့ ပြည်ထောင်စုကြီးပြိုကွဲမယ့်အန္တရာယ်ဆီသို့ ဦးတည်လာခဲ့တယ်။ အဲ့ဒီလို ပြည်ထောင်စုရဲ့အန္တရာယ်ဆိုးကြီး ပေါ်ပေါက်လာတဲ့အခါမှာ မြန်မာ့တပ်မတော်အနေနဲ့ အဲ့ဒီအချိန်တုန်းက မိမိမှာရှိတဲ့ တပ်ရင်း(၁၀)ရင်း အင်အားကိုအသုံးပြုပြီး ပြည်တွင်းရောင်စုံသောင်းကျန်းမှုကြီးကို စစ်ဆင်နှိမ်နင်းခဲ့ရတယ်။ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်အနေနဲ့ အသက်၊ သွေး၊ ချွေး မြောက်မြားစွာကို ရင်းနှီးပေးဆပ်ပြီး ဒို့တာဝန်အရေး (၃)ပါးကို ကာကွယ်စောင့်ရှောက်ခဲ့တဲ့ အဲ့ဒီသမိုင်းစဉ်ဟာလည်း နိုင်ငံတော်ရဲ့ သမိုင်းမော်ကွန်းမှာ အထင်အရှားပါပဲ။

၁၉၅၀ ခုနှစ်မှာတော့ တရုတ်ပြည်မကြီးကနေ စစ်ရှုံးပြီး ထွက်ပြေးလာတဲ့ ကူမင်တန်တပ်တွေဟာ အင်အားအလုံးအရင်းနဲ့ မြန်မာ့မြေကို ကျူးကျော်ဝင်ရောက်ပြီး မြန်မာ့အချုပ်အခြာအာဏာကို ထိပါးစော်ကားခဲ့ကြတယ်။ အဲ့ဒီလို ကျူးကျော်ချင်းနင်းဝင်ရောက်လာခဲ့တဲ့ ကူမင်တန်တပ်တွေကို မြန်မာ့တပ်မတော်က နဂါးနိုင်၊ ဘုရင့်နောင်၊ ရန်ကြီးအောင်၊ ဆင်ဖြူရှင်၊ မဲခေါင်စတဲ့ စစ်ဆင်ရေးကြီးတွေဆင်နွှဲပြီး တပ်မတော်သားတွေရဲ့ ကိုယ်လက်အင်္ဂါ၊ အသက်ဇီဝိန်တွေ များစွာပေးဆပ်ပြီးတော့ မြန်မာ့မြေပေါ်က တိုက်ထုတ်ပစ်ခဲ့တယ်။ ဒါဟာ... တပ်မတော်အနေနဲ့ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အသက်ပေးကာကွယ်ပြီး ဒို့တာဝန်အရေး(၃)ပါးကို ထိန်းသိမ်းစောင့်ရှောက်ခဲ့တယ်ဆိုတဲ့ သမိုင်းဝင်ဖြစ်ရပ်တစ်ခုပါပဲ။

၁၉၅၈ ခုနှစ်မှာတော့ နိုင်ငံကိုဦးဆောင်နေတဲ့ ဖဆပလအဖွဲ့ကြီးအတွင်းမှာ အကွဲအပြဲတွေဖြစ်ပေါ်ပြီး မိမိတို့ပါတီ အာဏာရရှိရေးအတွက် ခါးပိုက်ဆောင်တပ်တွေထူထောင်ကာ အပြိုင်အဆိုင်ကြိုးပမ်းလာခဲ့ကြတယ်။ တောတွင်းသောင်းကျန်းသူတွေကလည်း အာဏာရဖဆပလအစိုးရရဲ့ အကွဲအပြဲကို အခွင့်ကောင်းယူပြီး တစ်စခန်းထလာခဲ့ကြပြန်တယ်။ နိုင်ငံတော်ရဲ့ အခြေအနေဟာ ပရမ်းပတာဖြစ်မယ့် အနေအထားဆီသို့ ရောက်ရှိခဲ့ရပြန်တယ်။ အဲ့ဒီလိုအခြေအနေဆိုးကြီးပေါ်ပေါက်လာတဲ့အခါမှာလည်း ဒို့တာဝန်အရေး(၃)ပါးကို အစဉ်ကာကွယ်စောင့်ရှောက်လျက်ရှိတဲ့ မြန်မာ့တပ်မတော်ကပဲ ၁၉၅၈ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့မှာ အိမ်စောင့်အစိုးရတာဝန်ယူပြီး ပြည်ထောင်စုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ရတယ်။ ၁၉၆၀ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့မှာတော့ လွတ်လပ်မျှတသော ရွေးကောက်ပွဲကျင်းပပေးပြီး ရွေးကောက်ပွဲအနိုင်ရ ပထစအစိုးရကို အေးချမ်းစွာအာဏာလွှဲပြောင်းပေးခဲ့တယ်။

၁၉၆၂ ခုနှစ်မှာတော့ ပြည်ထောင်စုကြီး အစိတ်စိတ်အမြွှာမြွှာဖြစ်မယ့် ဖက်ဒရယ်မှုဆိုတာ ပေါ်ပေါက်လာပြန်တာကြောင့် ၁၉၆၂ခုနှစ် မတ်လ ၂ ရက်နေ့မှာ တပ်မတော်ကပဲ နိုင်ငံတော်အာဏာအရပ်ရပ်ကို ထိန်းသိမ်းပြီး ပြည်ထောင်စုပြိုကွဲမယ့်အန္တရာယ်ကို ကာကွယ်ကာ ဒို့တာဝန်အရေး(၃)ပါးအတွက် တပ်မတော်တာဝန် ကျေပွန်ခဲ့ရပြန်တယ်။

၁၉၈၈ ခုနှစ်မှာတော့ တစ်ပါတီစနစ်ကိုမကြိုက်တဲ့ ပြည်သူလူထုရဲ့ ဆန္ဒပြပွဲတွေကတစ်ဆင့် လူသတ်၊ ခေါင်းဖြတ်တဲ့ ထိတ်လန့်တုန်လှုပ်ဖွယ် အရေးအခင်းကြီးပေါ်ပေါက်ပြီး အမိနိုင်ငံတော် ချောက်ထဲကျဖို့ လက်တစ်ကမ်းအလို... ၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့မှာ ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ထားတဲ့တပ်မတော်က နိုင်ငံတော်ကို ကယ်တင်စောင့်ရှောက်ခဲ့ရပြန်တယ်။ တပ်မတော်အနေနဲ့ မိမိတာဝန်ယူခဲ့ရတဲ့ ဆယ်စုနှစ်(၂)ခုတာ ကာလအတွင်းမှာ နိုင်ငံတစ်ဝန်း အခြေခံကောင်း၊ အခင်းအကျင်းကောင်းများစွာကို ဖန်တီးတည်ဆောက်ပေးခဲ့ပြီး အမိနိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်သစ်ရဲ့ မုခ်ဦးဆီအရောက် ပို့ပေးခဲ့တယ်။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကြီးကို ၂၀၁၀ ပြည့်နှစ်မှာ ကျင်းပပေးခဲ့ပြီး ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့မှာတော့ ပြည်သူကရွေးချယ်တင်မြှောက်လိုက်တဲ့ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ဦးဆောင်တဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့ထံ စနစ်တကျအေးချမ်းစွာ နိုင်ငံ့တာဝန်လွှဲပြောင်းပေးခဲ့တယ်။

တူမောင်အောင်သူရ...

အထက်မှာ ဦးလေးပြောပြခဲ့တာတွေဟာ အမိနိုင်ငံတော်မှာ ပြည်ထောင်စုပြိုကွဲမယ့်အန္တရာယ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲမယ့်အန္တရာယ်နဲ့ အချုပ်အခြာအာဏာဆုံးရှုံးမယ့် အန္တရာယ်တွေ ပေါ်ပေါက်လာတိုင်း မြန်မာ့တပ်မတော်က ဒို့တာဝန်အရေး(၃)ပါးအတွက် အသက်ပေးကာကွယ် စောင့်ရှောက်ခဲ့တယ်ဆိုတဲ့ ထင်ရှားသော သမိုင်းမှတ်တိုင်တွေပါပဲ တူမောင်။

တူမောင်အောင်သူရ...

မျက်မှောက်ကာလမှာတော့ တပ်မတော်ရဲ့တာဝန်ဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ အသက်ဝိညာဉ်ပမာဖြစ်တဲ့ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးတာဝန်ပါပဲ။ ခေတ်အဆက်ဆက် သမိုင်းပေးတာဝန်၊ အမျိုးသားရေးတာဝန်များကိုကျေပွန်ခဲ့တဲ့ မြန်မာ့တပ်မတော်ဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရာမှာလည်း နိုင်ငံတော်က ပေးအပ်လာတဲ့ အမျိုးသားနိုင်ငံရေးတာဝန်များကိုပါ ဦးလည်မသုန် ထမ်းဆောင်သွားမှာဖြစ်တယ်။

အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကြီး သားစဉ်မြေးဆက် အမွန့်ရှည်တည်တံ့ဖို့အတွက် နိုင်ငံတော်ရဲ့ အဓိကကာကွယ်ရေးအင်အားစုကြီးဖြစ်တဲ့ တပ်မတော်ကိုလည်း အင်အားတောင့်တင်းခိုင်မာတဲ့ စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ကြီးဖြစ်အောင် တည်ဆောက်ဖို့လိုတယ် တူမောင်။ ခေတ်မီအမျိုးသားလက်နက်ကိုင်တပ်မတော်တစ်ရပ် မရှိခဲ့လို့ မြန်မာ့လွတ်လပ်ရေးဆုံးရှုံးပြီး မြန်မာတစ်မျိုးသားလုံး သူ့ကျွန်ဘဝရောက်ခဲ့ရတယ်ဆိုတာလည်း သမိုင်းမှာ အထင်အရှားပါပဲ။ ဒါ့ကြောင့်... လက်ရှိမြန်မာ့တပ်မတော်ကို အင်အားတောင့်တင်းခိုင်မာတဲ့ စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ကြီးဖြစ်အောင် တည်ဆောက်ရာမှာ နိုင်ငံတော်၊ တပ်မတော်နှင့်အတူ သွေးချင်းပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကူညီကြဖို့ လိုအပ်လှပါတယ်။

တူမောင်အောင်သူရ...

အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကြီး သာ
တည်တံ့ဖို့အတွက် နိုင်ငံတော်ရဲ့ အဓိက က
ဖြစ်တဲ့ တပ်မတော်ကိုလည်း အင်အားတော
ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ကြ
ဖို့လိုတယ် တူမောင်။ ခေတ်မီ အမျိုးသားလ
တစ်ရပ်မရှိခဲ့လို့ မြန်မာ့လွတ်လပ်ရေးဆုံးရှ
လုံး သူ့ကျွန်ဘဝရောက်ခဲ့ရတယ်ဆိုတာလည်း
ပါပဲ။ ဒါ့ကြောင့်... လက်ရှိ မြန်မာ့တပ်မတေ
ခိုင်မာတဲ့ စွမ်းရည်ထက်မြက်သော ခေ
ဖြစ်အောင် တည်ဆောက်ရာမှာ နိုင်ငံတော်၊ တပ
ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကူညီ
နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကလည်း ပထမ
ပုံမှန်အစည်းအဝေး၌ မိန့်ခွန်းပြောကြားရာမှာ
ရေးအင်အား မတောင့်တင်းရင် သူတစ်ပါးရဲ့
ခံကြရမှာဖြစ်ပါတယ်။ ကိုယ့်မင်းကိုယ့်ချင်း
ရာထောင်ချီပြီးနေလာခဲ့ကြတဲ့လူမျိုးဘဝက ကု
ခန်းမှာ နယ်ချဲ့လက်အောက်လွယ်လွယ်ကလေ
ခေတ်မီတဲ့ တပ်မတော်တစ်ရပ်မရှိခဲ့လို့ ဖြစ်ပါ
ဒါကြောင့် နိုင်ငံတော်ကိုကာကွယ်ဖို့အတွက်
တစ်ရပ်ရှိဖို့ လိုအပ်ပါတယ်။ လက်ရှိတပ်မတော်
တပ်မတော်၊ စွမ်းရည်ရှိတဲ့ တပ်မတော်၊ ခေတ်မီ
ထက်သန်တဲ့ တပ်မတော်ဖြစ်အောင် အားလုံးဝိုင
မယ်။ နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံ
တယ်။ ဒါကြောင့် နိုင်ငံတော်ကာကွယ်ရေးကို
တာဝန်ယူကြရမှာ ဖြစ်ပါတယ်”...လို့
တည်ဆောက်ရေးနဲ့ ပတ်သက်ပြီး မိန့်ကြားလ

တူမောင်အောင်သူရ...

တူမောင်ရေးလိုက်တဲ့စာထဲမှာ တူ
စစ်သည်တွေဟာ အမှတ်မထင် ရောက်ရှိခဲ့
မှာ ကချင်အဘွားအိုတစ်ဦးအတွက် မှတ်မှ
တစ်ခု ပြုနိုင်ခဲ့တယ်ဆိုတာကို ဝမ်းသာကြည်နူး
အဲ့ဒီ အကြောင်းအရာကို ဦးလေးဖတ်ရတေ
တွေရဲ့ လုပ်ရပ်အတွက် များစွာဝမ်းမြောက်ဂုဏ
စာထဲမှာ..."နယ်မြေလုံခြုံရေး တာဝန်ထ
တော့ ကျွန်တော်ဦးစီးတဲ့တပ်စုဟာ ကချင်တေ

လက်ရာမှ

- ❒ တပေါင်းနွေမာန် နီရဲလျှံလျှ
  တော်လှန်ခဲ့သည် မဟုတ်လေ
- ❒ စိတ်ဓာတ်ပြတ်သား၊ သတ္တိအ
  ပိုင်းခြားခဲ့သည် မဟုတ်လော
- ❒ မစိုးမရွံ့၊ နောက်မတွန့်ဘဲ
  သက်စွန့်ခဲ့သည် မဟုတ်လေ
- ❒ အငတ်အပြတ်၊ ဆင်းရဲထပ်
  ရှေ့ရပ်ခဲ့သည် မဟုတ်လော၊
- ❒ မြန်မာလူမျိုး၊ ဂုဏ်မညှိုးဖို့
  ရှေ့တိုးခဲ့သည် မဟုတ်လော
- ❒ အမျိုးဘာသာ၊ သာသနာကို
  တွယ်တာခဲ့သည် မဟုတ်လေ
- ❒ မြေပြန့်ပြည်နယ်၊ ပူးပေါင်း
  ကာကွယ်ခဲ့သည် မဟုတ်လေ
- ❒ မိစ္ဆာနတ်ဆိုး၊ စရိုက်မျိုးကို
  နှိမ်ချိုးခဲ့သည် မဟုတ်လော၊
- ❒ ယနေ့ချိန်ခါ၊ ပြည်မြန်မာဟု
  ထည်ဝါမြင့်မား၊ ဝင့်ဝင့်ကြ
  သွေးသားဆက်နွှင်း၊ ဒို့သွေး
  အံတင်းကြိတ်မှိတ်၊ မျိုးချစ်
  ပုံရိပ်သပ်ရပ်၊ ထွန်းတည်လ
  ဒို့တပ်မတော် လက်ရာတည်

(၆၇)နှစ်မြောက် တပ်မတော်နေ့ကို

ကန့်ဘလူ

(၆၇)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၇)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

တူမောင်အောင်သူရ…

အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကြီး သားစဉ်မြေးဆက် အဓွန့်ရှည်တည်တံ့ဖို့အတွက် နိုင်ငံတော်ရဲ့ အဓိက ကာကွယ်ရေးအင်အားစုကြီးဖြစ်တဲ့ တပ်မတော်ကိုလည်း အင်အားတောင့်တင်းခိုင်မာတဲ့ စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ကြီးဖြစ်အောင် တည်ဆောက်ဖို့လိုတယ် တူမောင်။ ခေတ်မီ အမျိုးသားလက်နက်ကိုင် တပ်မတော်တစ်ရပ်မရှိခဲ့လို့ မြန်မာ့လွတ်လပ်ရေးဆုံးရှုံးပြီး မြန်မာတစ်မျိုးသားလုံး သူ့ကျွန်ဘဝရောက်ခဲ့ရတယ်ဆိုတာလည်း သမိုင်းမှာ အထင်အရှားပါပဲ။ ဒါ့ကြောင့်… လက်ရှိ မြန်မာ့တပ်မတော်ကို အင်အားတောင့်တင်းခိုင်မာတဲ့ စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ကြီးဖြစ်အောင် တည်ဆောက်ရာမှာ နိုင်ငံတော်၊ တပ်မတော်နှင့်အတူ သွေးချင်းပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကူညီကြဖို့ လိုအပ်လှပါတယ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကလည်း ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး၌ မိန့်ခွန်းပြောကြားရာမှာ… "**နိုင်ငံတော် ကာကွယ်ရေးအင်အား မတောင့်တင်းရင် သူတစ်ပါးရဲ့ အနိုင်အထက်ပြုကျင့်မှုကို ခံကြရမှာဖြစ်ပါတယ်။ ကိုယ့်မင်းကိုယ့်ချင်း ကိုယ့်ထီးနန်းနဲ့ နှစ်ပေါင်းရာထောင်ချီပြီးနေလာခဲ့ကြတဲ့လူမျိုးဘဝက ကုန်းဘောင်ခေတ် ဇာတ်သိမ်းခန်းမှာ နယ်ချဲ့လက်အောက်လွယ်လွယ်ကလေးနဲ့ ကျရောက်ခဲ့ရခြင်းဟာ ခေတ်မီတဲ့ တပ်မတော်တစ်ရပ်မရှိခဲ့လို့ ဖြစ်ပါတယ်။**

ဒါကြောင့် နိုင်ငံတော်ကိုကာကွယ်ဖို့အတွက် ကမ္ဘာ့အဆင့်မီ တပ်မတော်တစ်ရပ်ရှိဖို့ လိုအပ်ပါတယ်။ လက်ရှိတပ်မတော်ကို အင်အားတောင့်တင်းတဲ့ တပ်မတော်၊ စွမ်းရည်ရှိတဲ့ တပ်မတော်၊ ခေတ်မီတဲ့ တပ်မတော်၊ မျိုးချစ်စိတ်ထက်သန်တဲ့ တပ်မတော်ဖြစ်အောင် အားလုံးဝိုင်းပြီး တည်ဆောက်ကြရပါမယ်။ နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်ကာကွယ်ရေးကို နိုင်ငံသားအားလုံးဝိုင်းပြီး တာဝန်ယူကြရမှာ ဖြစ်ပါတယ်"… လို့ ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေးနဲ့ ပတ်သက်ပြီး မိန့်ကြားလမ်းညွှန်သွားခဲ့တယ်။

တူမောင်အောင်သူရ…

တူမောင်ရေးလိုက်တဲ့စာထဲမှာ တူမောင်ဦးဆောင်တဲ့တပ်စုက စစ်သည်တွေဟာ အမှတ်မထင် ရောက်ရှိခဲ့တဲ့ ကချင်ရွာလေးတစ်ရွာမှာ ကချင်အဘွားအိုတစ်ဦးအတွက် မှတ်မှတ်ရရ ကုသိုလ်ကောင်းမှုတစ်ခု ပြုနိုင်ခဲ့တယ်ဆိုတာကို ဝမ်းသာကြည်နူးဖွယ် ရေးထားခဲ့တယ်နော်။ အဲ့ဒီ အကြောင်းအရာကို ဦးလေးဖတ်ရတော့ တူမောင်တို့စစ်သည်တွေရဲ့ လုပ်ရပ်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ တူမောင်ရဲ့ စာထဲမှာ… "နယ်မြေလုံခြုံရေး တာဝန်ထမ်းဆောင်ရင်း တစ်နေ့မှာတော့ ကျွန်တော်ဦးစီးတဲ့တပ်စုဟာ ကချင်တောင်ပြာတန်းတွေခြေရင်းက ဒေါင်လွမ်းဆိုတဲ့ ကချင်ရွာလေးတစ်ရွာဆီ ရောက်ရှိခဲ့ကြပါတယ်။ ရွာအဝင်လမ်းထိပ် ကုက္ကိုပင်ကြီးအောက်က ယိုင်နဲ့နဲ့တဲအိမ်လေးရှေ့မှာ တောင်ဝှေးအားပြုမတ်တတ်ရပ်လို့ မျက်ရည်သွယ်သွယ်စီးကျပြီး ကျွန်တော်တို့တပ်စုက စစ်သည်တွေကို ငေးမောကြည့်ရှုနေရှာတဲ့ ကချင်အဘွားအိုတစ်ဦးကိုတွေ့ရပါတယ်။ ထူးခြားတဲ့ အဲ့ဒီအဘွားအိုနဲ့ပတ်သက်ပြီး မေးမြန်းကြည့်တော့ ရင်နင့်စရာ အကြောင်းအရာတွေကို သိခဲ့ရပါတယ်။ အဘွားအိုရဲ့နာမည်က ဒေါ်ဂျာနူးဖြစ်ပြီး အရင်က မြေးဖြစ်သူ ဇော်ဒိန်နဲ့အတူနေတယ်။ ဇော်ဒိန်ဟာ ရိုးသားတဲ့ ကချင်လူငယ်တစ်ဦးဖြစ်ပြီး မိမိရဲ့အဘွားကို တောင်ယာလုပ်ကိုင်ပြီး ကျွေးမွေးစောင့်ရှောက်တယ်။ တစ်နေ့မှာတော့ အဲ့ဒီရွာလေးကို တောတွင်းလက်နက်ကိုင် အဖွဲ့တစ်ဖွဲ့ ရောက်ရှိလာပြီး ဇော်ဒိန်နဲ့အတူ လူငယ်လူရွယ်အချို့ကို သူတို့အဖွဲ့ထဲဝင်ဖို့ ခေါ်သွားခဲ့တယ်။ အဲဒီအချိန်ကစပြီး အဘွားအိုဟာ အဲ့ဒီတဲလေးမှာ ရွာက ကြည့်ရှုစောင့်ရှောက်မှုနဲ့ အထီးကျန်စွာ နေထိုင်ခဲ့ရတယ်။ လွန်ခဲ့တဲ့ (၂)နှစ်လောက်ကတော့ ဇော်ဒိန်ဟာ တိုက်ပွဲတစ်ခုမှာ ကျဆုံးသွားခဲ့ပြီလို့ သိခဲ့ကြရတယ်။ အဘွားအိုရဲ့ ရင်နာစရာအဖြစ်ကို ကြားကြရတော့ ကျွန်တော်တို့ စစ်သည်တွေအားလုံးရဲ့ရင်ထဲမှာ ထိခိုက်နာကျင်သွားခဲ့ကြပါတယ်။ ဒါကြောင့်… ရွာထဲက သစ်၊ ဝါးတွေ ရှာဖွေဝယ်ယူပြီး အဘွားအိုရဲ့ ယိုင်နဲ့နဲ့တဲလေးကို ကျွန်တော့်တပ်စုက စစ်သည်တွေလုပ်အားနဲ့ ခိုင်ခိုင်ခံ့ခံ့၊ လုံလုံခြုံခြုံဖြစ်အောင် ဆောက်လုပ်ပေးခဲ့ပြီး… တပ်စုမှာပါလာတဲ့ ဆေးလက်ထောက်ကလည်း အဘွားအိုကို လိုအပ်တဲ့ ဆေးဝါးကုသမှုများပြုလုပ်ပေးခဲ့ပါတယ်။ နောက်ပြီး… ကျွန်တော်တို့ ချွေးနဲ့စာထဲက ငွေတွေကိုစုပေါင်းပြီး အဘွားအိုကို ဒါနပြုကန်တော့ခဲ့ပါတယ်။ ကျွန်တော်တို့တပ်စုမှာပါလာတဲ့ ရိက္ခာတွေထဲက နို့ဆီ၊ သကြား၊ လက်ဖက်ခြောက်၊ အသားဘူး စတာတွေကိုလည်း အဘွားအိုအတွက် ပေးအပ်ခဲ့ပါတယ်။ ကျွန်တော်တို့တပ်စု အဲ့ဒီရွာက ပြန်လည်ထွက်ခွာခါနီးမှာ… ကျွန်တော်အပါအဝင် စစ်သည်တွေအားလုံး အဘွားအိုကို ထိုင်ကန်တော့ကြတော့ အဘွားအိုက သားတို့ ကျန်းမာချမ်းသာကြပါစေ၊ ဘေးအန္တရာယ်ကင်းကြပါစေလို့ ကချင်သံဝဲဝဲနဲ့ ဆုပေးသံဟာ ကျွန်တော်တို့အားလုံးရဲ့ရင်ထဲကို စူးရှစွာ ထိုးဖောက်သွားခဲ့ပါတယ်"… လို့ တူမောင်က ရေးထားခဲ့တယ်။

တူမောင်တို့စစ်သည်တွေရဲ့ မွန်မြတ်ဖြူစင်တဲ့ အဲ့ဒီလုပ်ရပ်အတွက် ဦးလေးအများကြီး ဝမ်းသာကြည်နူးဂုဏ်ယူမိပါတယ် တူမောင်။ သွေးချင်းပြည်သူတွေအပေါ်ထားရှိတဲ့ တပ်မတော်ရဲ့စေတနာအမှန်ကို တူမောင်တို့ရဲ့ မွန်မြတ်တဲ့လုပ်ရပ်နဲ့ တစ်ထောင့်တစ်နေရာကနေ ဖော်ထုတ်ပြသနိုင်ခဲ့တဲ့အတွက်လည်း များစွာ မြင့်မြတ်တန်ဖိုးရှိလှပါတယ်။ ပြည်သူလူထုအပေါ် ပြုကျင့်ရမယ့် တပ်မတော်သားတွေရဲ့ ကျင့်ဝတ် (၁၀)ပါးအနက် တစ်ပါးဖြစ်တဲ့ **"ပြည်သူလူထုနှင့် ယဉ်ကျေးစွာ ဆက်ဆံပါ၊ ရေလိုလလိုကျင့်ပါ"**ဆိုတဲ့ ကျင့်ဝတ်ကို တူမောင်တို့တပ်စုက လက်တွေ့ကျင့်သုံးပြသနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

တူမောင်အောင်သူရ…

မျက်မှောက်ကာလမှာ အမိနိုင်ငံတော်ဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ ပြည်သူက ရွေးချယ် တင်မြှောက်လိုက်တဲ့ အစိုးရအဖွဲ့ကဦးဆောင်ပြီး အရှိန်အဟုန်နဲ့ ချီတက်လျက်ရှိတယ်။ ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးဆီသို့ ဦးတည်ချီတက်ရာမှာ တပ်မတော်အနေနဲ့တော့ နိုင်ငံတော်က ပေးအပ်လာတဲ့ အမျိုးသားနိုင်ငံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာထမ်းဆောင်ပြီး နိုင်ငံတော်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုလည်း အသက်ပေးကာကွယ် စောင့်ရှောက်သွားမှာဖြစ်တယ်။

ထို့အတူ… တပ်မတော်ဟာ အမိနိုင်ငံတော်ရဲ့ အသက် သွေးကြောသဖွယ်ဖြစ်တဲ့ ဒို့တာဝန်အရေး (၃)ပါးကိုလည်း ထာဝစဉ်ကာကွယ်စောင့်ရှောက်သွားမှာဖြစ်တယ်။

"သမိုင်းစဉ်တစ်လျှောက် ခေတ်အဆက်ဆက်မှာ ဒို့တာဝန်အရေး(၃)ပါးကို အသက်ပေးကာကွယ်စောင့်ရှောက်ပြီး အမိနိုင်ငံတော်အတွက် အသက်စွန့်လှူသွားခဲ့ကြတဲ့ တပ်မတော်သားအပေါင်းကို (၆၇)နှစ်မြောက် တပ်မတော်နေ့အခါသမယမှာ လှိုက်လှဲစွာ ဦးညွှတ်အလေးပြုလိုက်ပါတယ်"

တူမောင်နှင့်တကွ စစ်သည်များအားလုံး ဘေးဘယာဝေးကွာကြပါစေ။

သတိရစွာဖြင့်
ဦးလေး

---

(၆၇)နှစ်မြောက်
တပ်မတော်နေ့ ဦးတည်ချက်

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဦးတည်ချက်များကို စွဲမြဲစွာ ခံယူစောင့်ထိန်းရေး၊

☆ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး၊

☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် တပ်မတော်၏ အဓိကတာဝန်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေး၊

☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

လက်ရာရှင်

❒ တပေါင်းနွေမာန် နီရဲလျှံလျက်
တော်လှန်ခဲ့သည် မဟုတ်လော။

❒ စိတ်ဓာတ်ပြတ်သား၊ သတ္တိအားနှင့်
ပိုင်းခြားခဲ့သည် မဟုတ်လော။

❒ မစိုးမရွံ့၊ နောက်မတွန့်ဘဲ
သက်စွန့်ခဲ့သည် မဟုတ်လော။

❒ အငတ်အပြတ်၊ ဆင်းရဲထပ်လည်း
ရှေ့ရပ်ခဲ့သည် မဟုတ်လော။

❒ မြန်မာလူမျိုး၊ ဂုဏ်မညှိုးဖို့
ရှေ့တိုးခဲ့သည် မဟုတ်လော။

❒ အမျိုးဘာသာ၊ သာသနာကို
တွယ်တာခဲ့သည် မဟုတ်လော။

❒ မြေပြန့်ပြည်နယ်၊ ပူးပေါင်းသွယ်၍
ကာကွယ်ခဲ့သည် မဟုတ်လော။

❒ မိစ္ဆာနတ်ဆိုး၊ စရိုက်မျိုးကို
နှိမ်ချိုးခဲ့သည် မဟုတ်လော။

❒ ယနေ့ချိန်ခါ၊ ပြည်မြန်မာဟု
ထည်ဝါမြင့်မား၊ ဝင့်ဝင့်ကြွားအောင်
သွေးသားဆက်နွှင်း၊ ဒို့သွေးချင်း၏
အံတင်းကြိတ်မှိတ်၊ မျိုးချစ်စိတ်ကြောင့်
ပုံရိပ်သပ်ရပ်၊ ထွန်းတည်လတ်သည်
ဒို့တပ်မတော် လက်ရာတည်း။ ။

(၆၇)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုလျက် -

ကန့်ဘလူ ခင်မောင်ဆွေ

မြွေဆိပ်ဖြေဆေး သုတေသနလုပ်ငန်းအတွက် ဓာတ်ခွဲခန်းသုံးပစ္စည်းများ လွှဲပြောင်းပေးအပ်

နေပြည်တော် မတ် ၂၂

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် မတ် ၁၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကြက်ဥမှမြွေဆိပ်ဖြေဆေး သုတေသနပြုလုပ်ရာတွင် အသုံးပြုမည့်ဓာတ်ခွဲခန်းသုံးပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့တက်ရောက်သည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာလှိုင်မြတ်သူက ကြက်ဥမှ မြွေဆိပ်ဖြေဆေးသုတေသနပြုလုပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ သံမှူးကြီးက ဓာတ်ခွဲခန်းသုံးပစ္စည်းများ လွှဲပြောင်းပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဦးမျိုးခင်ထံ ဓာတ်ခွဲခန်းသုံးပစ္စည်းများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ဒုတိယဝန်ကြီးသည် မတ် ၁၆ ရက် နံနက် ၈ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် သမိန်ထော ကျေးလက်ကျန်းမာရေးဌာနကို ကြည့်ရှုစစ်ဆေးပြီး ကနိတိုက်နယ် ဆေးရုံသို့သွားရောက်၍ ဖျာပုံခရိုင်ပြည်သူ့ဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးများ၏ အခမဲ့ကွင်းဆင်းဆေးကုသခြင်းလုပ်ငန်းကို ကြည့်ရှုအားပေးသည်။

ကနိကျေးရွာနှင့် အနီးတစ်ဝိုက်ကျေးရွာများမှ ဒေသခံပြည်သူ ၃၈၂ ဦးတို့သည် အထူးကုဆရာဝန်ကြီးများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူခဲ့ကြကြောင်း သိရသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် မတ် ၁၇ ရက် နံနက် ၇ နာရီခွဲတွင် ဖျာပုံမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဖျာပုံမြို့နယ် ဆန်စပါးလုပ်ငန်းအသင်းနှင့်ဆေးဆိုင်ပိုင်ရှင်များက လှူဒါန်းသော ဖျာပုံဆေးရုံကြီး မြစ်ရေရရှိရေး လုပ်ငန်း လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့တက်ရောက်ပြီး အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် မြို့နယ် ဆန်စပါးလုပ်ငန်းအသင်းမှ ဦးအုန်းဟန်က ငွေကျပ် ၈၃ သိန်းကျော် အကုန်အကျခံဆောင်ရွက်ခဲ့သည့် မြစ်ရေရရှိရေး လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခဲ့သည်။

ကြည့်ရှုအားပေး

ဒုတိယဝန်ကြီးသည် နံနက် ၉ နာရီခွဲတွင် ဒေးဒရဲမြို့နယ် ကျုံဘုတ်ကျေးရွာ မူလတန်းကျောင်း၌ ဖျာပုံခရိုင် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၏ အခမဲ့ကွင်းဆင်းဆေးကုသခြင်းလုပ်ငန်းကို သွားရောက် ကြည့်ရှုအားပေးသည်။ ယင်းသို့ အခမဲ့ကွင်းဆင်းဆေးကုသပေးရာတွင် ကျုံဘုတ်ကျေးရွာနှင့် အနီးတစ်ဝိုက်ကျေးရွာများမှ ဒေသခံပြည်သူ ၄၀၅ ဦးလာရောက်၍ အထူးကုဆရာဝန်ကြီးများ၏ ကုသမှုကိုခံယူခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဒေးဒရဲမြို့နယ် ကျုံဘုတ်ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းလေး ကျေးလက်ကျန်းမာရေးဌာနခွဲတို့ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ပိုင်းဒေသများ နေရာကွက်၍ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၂၂

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်တွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ မင်းဘူးမြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ ချောက်မြို့နှင့် မကွေးမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပေါင်မြို့တွင် ၀ ဒသမ ၃၉ လက်မနှင့် ပူတာအိုမြို့တွင် ၀ ဒသမ ၀၈ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင်နေရာကွက်ကျား မိုးအနည်းငယ်ဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

အရှေ့အာရှသားတို့၏မျိုးဗီဇ ကင်ဆာဆေးတချို့ မတိုးနိုင်ဟု စင်ကာပူပညာရှင်များ ပြောကြား

စင်ကာပူ မတ် ၂၂

တချို့သောလူနာများ၏ မျိုးဗီဇသည် ကင်ဆာဆေးဝါး အချို့မတိုးနိုင်ကြောင်း စင်ကာပူသိပ္ပံပညာရှင်များက သုတေသန ပြုကာ သိရှိခဲ့သည်။ အရှေ့အာရှသားတို့၏မျိုးဗီဇသည် ကင်ဆာ ဆေးမတိုးနိုင်ဘဲ ခုခံတိုက်ဖျက်သော မျိုးဗီဇဖြစ်သည်ဟု စင်ကာပူသိပ္ပံပညာရှင်များက အခိုင်အမာပြောကြားခဲ့ခြင်း ဖြစ်သည်။

စင်ကာပူနိုင်ငံ NUS Graduate Medical School မှ ပညာရှင်များ သုတေသနပြုစမ်းသပ်ရာမှ အရှေ့အာရှတွင် နေထိုင်မွေးဖွားသူများ၏ ၁၅ ရာခိုင်နှုန်းသည် ကင်ဆာဆေး အချို့၏အာနိသင်ကို ခုခံနိုင်စွမ်းရှိသော မျိုးဗီဇများရှိနေသည်ကို ဖော်ထုတ်သိရှိခဲ့ခြင်းဖြစ်သည်။

ထိုသို့သော မျိုးဗီဇရှိသည့် လူနာများအတွက် ကင်ဆာ ရောဂါကုသရေး၌ ကြုံတွေ့ရသည့် ပြဿနာများကို လက်ရှိ ကုထုံးတွင် ဆေးဝါးသစ်တချို့ ဖြည့်စွက်ကုသခြင်းဖြင့် ဖြေရှင်း နိုင်ကြောင်း၊ ကင်ဆာရောဂါသည်များတွင် ဆေးဝါးအား တိုက်ဖျက်သည့်မျိုးဗီဇရှိသည်ကိုတွေ့ရှိပါက သင့်လျော်သည့် ဆေးဝါးကို ချက်ချင်းပြောင်းပေးကာ ကုသရမည်ဖြစ်ကြောင်း အဆိုပါဆေးပညာကျောင်းမှ တာဝန်ခံဒုတိယဌာနမှူး ပက်ထရစ် ကာဝေးက ပြောကြားသည်။

၎င်းသုတေသနပညာရှင်အဖွဲ့သည် ခုခံသည့် မျိုးဗီဇ ရှိသူလူနာများအတွက် ကုထုံးသစ်ကို ဆက်လက်သုတေသနပြု စမ်းသပ်သွားမည်ဖြစ်သည်။ **(အင်တာနက်)**

ဒတ်ချ်အင်ဂျင်နီယာတစ်ဦး ငှက်တစ်ကောင်ကဲ့သို့ အတောင်ပံများခတ်ကာ ပထမဆုံးပျံသန်းပြခဲ့

ဟုချ် မတ် ၂၂

နယ်သာလန်နိုင်ငံအနောက်ပိုင်းရှိ မြို့တစ်မြို့ဖြစ်သော ဟုချ်မြို့ပန်းခြံအတွင်း ဒတ်ချ်လူမျိုး အင်ဂျင်နီယာဂျာနိုစမိတ်သည် စွန်တစ်ကောင်ကဲ့သို့ အတောင်ပံကြီးများ တဖျပ်ဖျပ်ခတ်ကာ ပျံတက်သွားပြီး လေထဲတွင် ပေ ၃၀၀ခရီးကို ငှက်အသွင် ပျံဝဲပြသွားသည်။ **(ယာပုံ)**

ဂျက်အင်ဂျင်ပန်ကာဒလက်တို့မပါဘဲ အတောင်ပံနှစ်ဖက်ဖြင့် ငှက်တစ်ကောင်ကဲ့သို့ ပျံဝဲပြခြင်းတွင် မိမိသည်ပထမဆုံးသောလူသားဖြစ်ကြောင်း၊ အတောင်ပံများ တဖျပ်ဖျပ်ခတ်ကာ တပ်ဆင်ထားသည့် မော်တာအတွင်း ရွေ့လျားမှုစွမ်းအင် ရောက်ရှိစေသည့် ရွေ့လျားမှုအာရုံခံကိရိယာတီထွင် တပ်ဆင်ထားသော အတောင်ပံများကို မိမိ၏လက်မောင်းအားဖြင့် တဖျပ်ဖျပ်ခတ်ကာ ငှက်ကဲ့သို့ပျံပြခဲ့ခြင်းဖြစ်ကြောင်း စမိတ်က ပြောကြားသည်။

စမိတ်၏ပျံသန်းမှုဗီဒီယိုကို အွန်လိုင်းတင်၍ ထုတ်လွှင့်ပြသခဲ့ရာ အငြင်းပွားသံများ ညံခဲ့သည်။ ပန်းခြံအတွင်း စမိတ်၏ ပျံဝဲမှုဗီဒီယိုကြည့်ရှုလိုက်ရသူများက အလိမ်အညာကင်မရာလှည့်စားမှုသာဖြစ်ကြောင်း၊ ဗီဒီယိုပြသသည့်ကြာချိန်မှာလည်း တစ်မိနစ်ပင်မပြည့်ကြောင်း ပြောဆိုကြသည်။

အခိုင်အမာပြောကြား

မည်သို့ပင်ဆိုစေ အသက် ၃၁ နှစ်အရွယ်အင်ဂျင်နီယာစမိတ်ကမူ သူ၏ ငှက်ကဲ့သို့ပျံဝဲမှုသည် မျက်လှည့်လက်လှည့်အတုအယောင်တစ်ရပ်မဟုတ်ကြောင်း၊ အင်ဂျင်နီယာနည်းပညာ၏ တီထွင်မှုအသစ် စစ်စစ်ဖြစ်ကြောင်း အခိုင်အမာပြောကြားလျက်ရှိသည်။ **(အင်တာနက်)**

ငါးမူးစေ့တစ်စေ့စာသာ အရပ်အမြင့်ရှိ အသေးငယ်ဆုံးခွေးလေး အင်္ဂလန်တွင်မွေးဖွား

ဆွန်းဒွန် မတ် ၂၂

အင်္ဂလန်နိုင်ငံ ဝှစ်ရှိုင်းယားစီရင်စု ဆွန်းဒွန်မြို့တွင် အသေးငယ်ဆုံး ခွေးလေးတစ်ကောင်ကို မွေးဖွားခဲ့သည်။ မွေးကင်းစတွင် အလေးချိန် ၁ ဒသမ ၅ အောင်စသာရှိပြီး သုံးလက်မသာရှိသော ခွေးလေးဖြစ်သည်။ **(ဝဲပုံ)**

ခွေးလေးများမွေးစဉ်က ငါးကောင်မွေးခဲ့ခြင်းဖြစ်ကြောင်း၊ လေးကောင်သေဆုံးပြီး ယခုခွေးမလေး မီရယ်ကဲလ်လေးတစ်ကောင်သာ အသက်ရှင်ခြင်းဖြစ်ကြောင်း ခွေးလေး၏ သခင်ဖြစ်သူ အသက် ၁၀ နှစ်အရွယ်ရှိ ကယ်လီမေကိုးလ်က ပြောကြားသည်။

မွေးမြူခဲ့ရ

မွေးဖွားပြီးချင်း ခွေးမကြီးစွန့်ပစ်ခဲ့သည့် မီရယ်ကဲလ် ခွေးလေးကို ဆေးထိုးပိုက်ထဲ နို့ထည့်တိုက်ကျွေးကာ မွေးမြူခဲ့ ရကြောင်း၊ မွေးစတွင် ငါးမူးစေ့တစ်စေ့စာအရပ်အမြင့်သာရှိပြီး လက်ဖဝါးပေါ်တွင် ကောင်းစွာတင်ထားနိုင်သော အရွယ်သာ ရှိကြောင်း၊ လာရောက်ကြည့်ရှုသူတိုင်း သဘောကျသဖြင့် ထိုသို့ သေးငယ်လွန်းသည့် ခွေးကလေးကို ပိုက်ဆံဘယ်လောက်ပဲ ပေးပေးရောင်းမည်မဟုတ်ဘဲ မွေးမြူသွားမည်ဖြစ်ကြောင်း ခွေးပိုင်ရှင်မိသားစုက ပြောကြားခဲ့သည်။ **(အင်တာနက်)**

▲ *ကျော်ဖုံးမှ*

ကနဦးသတင်းရရှိချိန်အထိ ထိခိုက်သေဆုံးမှု အခြေအနေ မသိရသေးကြောင်း ရဲဝန်ထမ်းများက ပြောကြားသည်။ မီးလောင်ရာ ဈေးကြီးအတွင်း ပိတ်မိနေခဲ့သူအချို့ရှိရာ မီးသတ်တပ်ဖွဲ့ဝင်များက ဝင်ရောက်ကယ်ဆယ်ပြီး ဘေးလွတ်ရာ ကယ်ထုတ်ခဲ့ရသည်။ အဆိုပါ ဟာတီဘာဂန် ဈေးကြီး မီးလောင်မှုကို မီးသတ်ကားစီးရေ ၃၀ ကျော်ဖြင့် လေးနာရီကျော် အချိန်ယူ ငြိမ်းသတ်ခဲ့ရကြောင်း ရဲဝန်ထမ်းများက ပြောကြားသည်။ **(ဝဲပုံ)**ထိုဈေးကြီး မီးလောင်မှုအတွင်း အသား ငါး၊ ဟင်းသီးဟင်းရွက် ဆိုင်ခန်းပေါင်းများစွာ မီးလောင်ဆုံးရှုံးခဲ့သည်။ မီးလောင်ရခြင်း၏ အကြောင်းရင်းကို လတ်တလော မသိရှိရသေးကြောင်း စုံစမ်းစစ်ဆေးရေး အရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ရှန်ဇီပြည်နယ်ရှိ ကျောက်မိုင်းတွင်း မြေပြိုမှုဖြစ်ပွား

ကျီယန်း မတ် ၂၂

တရုတ်နိုင်ငံ ရှန်ဇီပြည်နယ်တွင် မတ် ၂၀ ရက်က ကျောက်မိုင်းတွင်းတစ်တွင်း မြေပြိုမှုဖြစ်ပွားခဲ့ကြောင်း မတ် ၂၂ ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ကျန်းယန်စီရင်စုအတွင်းရှိ ကျီဇီဟင်းကျောက်မိုင်းတွင်းတွင် နံနက် ၁၁ နာရီခန့်က မြေပြိုမှုဖြစ်ပွား ခဲ့ကြောင်း၊ မြေအောက်ပိတ်မိနေသူတစ်ဦးရှိပြီး ဒဏ်ရာရသူနှစ်ဦးရှိနိုင်ကြောင်း၊ သို့သော် ထိုလူဦးရေကို အတိအကျဟု အတည်မပြုနိုင်ကြောင်း အုပ်ချုပ်ရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကယ်ဆယ်ရှာဖွေ

ဖြစ်ပွားရာနေရာမှ ဒဏ်ရာရသူနှစ်ဦးကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ကယ်ဆယ်ရေးဝန်ထမ်းများက မြေပြိုအပျက်အစီးများကို ရှင်းလင်းဖယ်ရှားကာ ပိတ်မိနေသူများအား ကယ်ဆယ်ရှာဖွေနေဆဲဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါကျောက်မိုင်းတွင်း မြေပြိုမှုဖြစ်ပွားရသည့်အကြောင်းအရင်းကို ရဲဝန်ထမ်းများက စုံစမ်းလျက်ရှိ သည်။ **(အင်တာနက်)**

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါ၌ ဗုံးခွဲမှုဖြစ်ပွား

အစ္စလမ္မာဘတ် မတ် ၂၂

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းပြည်နယ် မြို့တော်ပက်ရှ်ဝါတွင် အကြမ်းဖက်သမားများက ဗုံးခွဲ တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး အရပ်သား များအပါအဝင် လူခုနစ်ဦးဒဏ်ရာရရှိသွားသည်။

ပက်ရှ်ဝါမြို့တော်၌ မတ် ၂၀ ရက် ညနေပိုင်းက ဗုံးခွဲ တိုက်ခိုက်မှုတွင် ကင်းလှည့်ရဲတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးပြီး အရပ်သား သုံးဦးအပါအဝင် လူခုနစ်ဦး ဒဏ်ရာရရှိသွား သည်။ ဒဏ်ရာရအရပ်သားများကို ဒေသခံဆေးရုံသို့ တင်ပို့ လိုက်သည်။ အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုနှင့်ပတ်သက်၍ မည်သည့်အဖွဲ့အစည်းကမျှ သူတို့လက်ချက်ဟူ၍ ယခုအထိ ထုတ်ဖော်မပြောကြားသေးပေ။

ပက်ရှ်ဝါမြို့ရှိ တာလီဘန် နှိမ်နင်းရေးစစ်ဆင်မှုများကို ခေါင်းဆောင်သည့် ရဲမှူးတစ်ဦး မတ် ၁၅ရက်က လုပ်ကြံခံရပြီး ငါးရက်အကြာတွင် ယခုကဲ့သို့ အကြမ်းဖက်တိုက်ခိုက်ခြင်းဖြစ် သည်။ **(အင်တာနက်)**

အိန္ဒိယ၌ ကားနှင့်ရထားတိုက်မိ လူ ၁၅ ဦးသေဆုံးပြီး လေးဦးဒဏ်ရာရ

နယူးဒေလီ မတ် ၂၂

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ်တွင် ရထားနှင့် ကားတိုက်မိပြီး အနည်းဆုံး ၁၅ ဦးသေဆုံးကာ လေးဦးပြင်းထန်စွာဒဏ် ရာရရှိခဲ့ကြောင်း မတ် ၂၂ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဥတ္တရပရာဒေ့ရှ်ပြည်နယ် လပ်ကနိုးမြို့တော်မှ ၂၉၆ ကီလိုမီတာဝေး သည့် ဟာသရပ်မြို့ မဒူဘူတာရုံအနီးတွင် မတ် ၂၁ ရက်က လူ ၁၉ ဦး စီးနင်းလိုက်ပါလာသည့် ဂျစ်ကားတစ်စီး ရထားလမ်းကို ဖြတ်ကျော်မောင်းနှင် စဉ် ရထားကတိုက်မိခြင်းဖြစ်သည်။ **(ယာပုံ)** ဂျစ်ကားမှာ တိုက်မိပြီးနောက် ပေ ၂၀ ခန့်အထိ လွင့်စဉ်သွားကြောင်း၊ ခရီးသည် ၁၅ ဦး ပွဲချင်းပြီးသေဆုံးပြီး လေးဦးပြင်းထန်စွာဒဏ်ရာရရှိသွားကြောင်း ပြည်နယ်ပြည်ထဲရေးဝန်ကြီးဌာန မှ အရာရှိတစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ (၂၂-၃-၂၀၁၂)

➢ တင်မောင်လွင် – စုစည်းသည် ➣

ဆီးရီးယား၌အကြမ်းဖက်မှုများကြောင့် ဂျပန်သံရုံးပိတ်ထားမည်

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့၌ နိုင်ငံအတွင်း အကြမ်းဖက်မှုအကြား လုံခြုံရေးအခြေအနေ ပိုမိုဆိုးရွားမှုကြောင့် ဂျပန်အစိုးရက ၎င်း၏သံရုံးကို ယာယီပိတ်ထားရန်ဆုံးဖြတ်လိုက်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိ သူများက မတ် ၂၁ရက်တွင် ပြောကြားသည်။

ဆီးရီးယားနိုင်ငံ၏ ပြည်တွင်းလုံခြုံရေးအခြေအနေမှာ အနာဂတ်ကာလ၌ ပိုမိုဆိုးရွားလာနိုင်မှုကြောင့် နိုင်ငံအတွင်းရှိ ၎င်းတို့၏သံရုံးကို ယာယီပိတ်ထားရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း၊ ဂျပန်နိုင်ငံက ယခုလအတွင်း ဆီးရီးယားနိုင်ငံရှိ ၎င်းတို့၏ ဆောင်ရွက်မှုများကိုလျှော့ချရန်နှင့် ကောင်စစ်ဝန်လုပ်ငန်း၊ ဗီဇာလုပ်ငန်း များကိုလည်း ဆိုင်းငံ့ထားမည်ဖြစ်သည်။ ဒမတ်စကတ်မြို့တွင် မကြာသေးမီလများက အသေခံဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီး နိုင်ငံရေးမတည်ငြိမ်မှု ပိုမိုပျံ့နှံ့လာခဲ့သည်။ မတ်လ ၁၈ရက် နံနက်ကလည်း ဒမတ်စကတ်မြို့ရှိ အစိုးရအဆောက်အအုံများအား အသေခံ ဗုံးခွဲတိုက်ခိုက်မှုနှစ်ကြိမ်ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၂၇ဦး သေဆုံးပြီး ၁၄၀ခန့် ဒဏ်ရာရရှိခဲ့သည်ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ချက် တစ်ရပ်တွင် ရေးသားဖော်ပြထားသည်။

တရုတ်အနောက်တောင်ပိုင်း၌ ဆောက်လုပ်ဆဲအဆောက်အအုံပြိုကျ

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ယူနန်ပြည်နယ်တွင် ဆောက်လုပ်ဆဲအဆောက် အအုံတစ်လုံး ပြိုကျခဲ့ပြီးနောက် လူငါးဦးသေဆုံးပြီး အခြား ၁၀ ဦး ဒဏ်ရာရရှိခဲ့ ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက မတ် ၂၀ ရက်တွင် ပြောကြားသည်။ အဆိုပါမတော်တဆမှုသည် ဒေလီမြို့အတွင်းရှိ ရှီဂွမ်ဆင်ခြေဖုံးမြို့ငယ်၌ မတ် ၁၉ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၃၈ မိနစ်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အဆောက်အအုံအပျက်အစီးများအောက်မှ လူ ၁၅ ဦးအား ယင်းနေ့ ည ၈ နာရီက ဆွဲထုတ်ခဲ့ရကြောင်း အာဏာပိုင်များက ဆက်လက်ပြောကြားခဲ့သည်။ ဒဏ်ရာရ သူများအနက် ခြောက်ဦးမှာ ဒဏ်ရာပြင်းထန်သဖြင့် ဒေသတွင်းဆေးရုံသို့ အရေးပေါ် ဆေးကုသမှုခံယူရန် တင်ထားရသည်ဟုဆိုသည်။ အဆောက်အအုံအပျက်အစီး များအောက်တွင် ပိတ်မိနေသူ မည်မျှရှိသည်ကို မသိရှိရသေးကြောင်း၊ လူ ၂၀၀၀ကျော်ကို လည်း အဆိုပါဧရိယာအတွင်း ရှာဖွေမှုများပြုလုပ်သွားကြရန် တိုက်တွန်းနိုးဆော် ထားသည်ဟု ဆိုသည်။

အဖမ်းခံရသည့်သတင်းထောက်နှစ်ဦး လစ်ဗျားတပ်ဖွဲ့ဝင်များပြန်လွှတ်

လစ်ဗျားတပ်ဖွဲ့ဝင်များက တစ်လနီးပါးဖမ်းဆီးထားသည့် ပရက်(စ်) တီဗွီသတင်းထောက်နှင့် ဓာတ်ပုံသတင်းထောက်တို့ကို ပြန်လွှတ်လိုက်ပြီဖြစ်ကြောင်း လစ်ဗျားပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်၏ ပြောကြားချက်အရ သိရသည်။ အဖမ်းခံရသူ သတင်းထောက် နီကိုလပ်ဒေးဗီးစ်နှင့် ဓာတ်ပုံသတင်းထောက် မောင်ဂိုမာရီ ဂွန်ဆန်တို့မှာ ရာဇဝတ်မှုတစ်စုံတစ်ရာ ကျူးလွန်ခြင်းမရှိကြောင်း ထင်ရှားသဖြင့် ပြည်ထဲရေးဝန်ကြီးဌာနက လွှတ်ခွင့်ပြုလိုက်ကြောင်း ပြည်ထဲရေး ဒုတိယဝန်ကြီး အိုမာခါဒရာဖီက ထရီပိုလီမြို့၌ပြုလုပ်သည့် သတင်းစာရှင်းလင်း ပွဲတွင် ပြောကြားသည်။ လစ်ဗျားနိုင်ငံ ထရီပိုလီမြို့တော်မှ ၎င်းတို့နှစ်ဦးကို အစိုးရတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် ဖမ်းဆီးသွားခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာအားကစားနှင့် ပြည်တွင်းပြည်ပ သတင်းပဒေသာ

တီဗက်ဇ်၏ ဝန်ထမ်းပေးမှုကြောင့် မန်စီးတီးက ချယ်လ်ဆီးကိုနိုင်

မြင့်မောင်စိုး - ရေးသားသည်

လန်ဒန် မတ် ၂၂

အင်္ဂလိပ်ပရီမီယာလိဂ်ဘောလုံးပွဲစဉ် (၂၉)ကို မတ် ၂၂ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ မန်စီးတီးက အိမ်ကွင်းတွင် ချယ်လ်ဆီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။ ***(ယာပုံ)***

မန်စီးတီးအသင်းတွင် တိုက်စစ်မှူး ကားလို့စ်တီဗက်ဇ် ဒုတိယပိုင်းတွင် ပြန်လည်ပါဝင်လာပြီး နာဆရီအား အနိုင်ဂိုးသွင်းယူပေးနိုင်ရန် ကြိုးစားပေးခဲ့သည်။ ချယ်လ်ဆီးအသင်းက အဝေးကွင်းလာရောက်ကစားခဲ့ရသော်လည်း ပွဲကစားချိန်တစ်နာရီပြည့်ချိန်တွင် ဂါရီကာဟေးလ်က ချယ်လ်ဆီးအသင်းအတွက် ဦးဆောင်ဂိုး စတင်သွင်းယူခဲ့သည်။ ပွဲချိန် ၈၇ မိနစ်တွင် ချယ်လ်ဆီးကစားသမား အက်ဆီယံ ဂိုးဧရိယာအတွင်း လက်ထိဘောဖြစ်သဖြင့် ဒိုင်လူကြီးက မန်စီးတီးကို ပယ်နယ်တီကန်ခွင့်ပေးခဲ့သည်။ ယင်းပယ်နယ်တီကို မန်စီးတီး တိုက်စစ်မှူး အဂူရိုကန်သွင်းရာမှ မန်စီးတီးတို့ ချေပဂိုးရရှိခဲ့သည်။ ပွဲချိန် ၈၅ မိနစ်တွင် နာဆရီက တိုက်စစ်မှူး ကားလို့စ်တီဗက်ဇ် ဖန်တီးပေးလိုက်သောဂိုးဖြင့် အနိုင်ဂိုးသွင်းယူခဲ့သည်။ မန်စီးတီးတို့ နိုင်သော်လည်း မန်ယူက ဇယားထိပ်၌ တစ်မှတ်အသာရပြီး ဆက်လက်ဦးဆောင်နေသည်။ ***(အင်တာနက်)***

ကမ္ဘာ့အရှည်ဆုံး သတို့သမီးဝတ်စုံ

ကောင်းမြတ်သူ ရေးသားသည်

ဘူခါရက် မတ် ၂၂

ရိုမေးနီးယားနိုင်ငံမြို့တော် ဘူခါရက်၌ မတ် ၁၉ ရက်က ကိုယ်ဟန်ပြမယ် မော်ဒယ်တစ်ဦးက ကမ္ဘာ့အရှည်ဆုံး သတို့သမီးဝတ်စုံကို ဝတ်ဆင်လျက် မိုးပျံပူဖောင်းဖြင့် မြို့ပေါ်သို့ ဝဲပျံပြသခဲ့သည်။

၁ ဒသမ ၈၅ မိုင်ရှည်လျား

အဆိုပါ သတို့သမီးဝတ်စုံသည် ၁ ဒသမ ၈၅ မိုင်ရှည်လျားပြီး အရှည်ဆုံးသတို့သမီးဝတ်စုံဖြစ်ခြင်းကြောင့် ဂင်းနက်စ်အဖွဲ့က ကမ္ဘာ့အရှည်ဆုံးသတို့သမီးဝတ်စုံဖြစ်ကြောင်း ကြေညာလိုက်ပြီဖြစ်သည်။

ယင်းသတို့သမီးဝတ်စုံကို အမ်မာအမည်ရှိ အသက် ၁၇ နှစ်အရွယ် မော်ဒယ်တစ်ဦးက ဝတ်ဆင်ပြသခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)** ယင်းဝတ်စုံသည် သိုးမွေးနှင့်ဇာပန်းထည်တို့ဖြင့် ချုပ်လုပ်ထားခြင်းဖြစ်သည်။ ယခင်က ဒတ်ချ်ဒီဇိုင်နာတစ်ဦးဖန်တီးသည့် သတို့သမီးဝတ်စုံထက် ပို၍ရှည်သည်ဟု ဆိုသည်။

ကုန်ကျစရိတ်

၎င်းသတို့သမီးဝတ်စုံကို အင်ဒရီးအလှပြုပြင်ရေးဖက်ရှင်အဖွဲ့က ရက်ပေါင်း ၁၀၀ ကျော်ကြာ ချုပ်လုပ်ခဲ့ရသည်ဟု ဆိုသည်။ ၎င်းသတို့သမီးဝတ်စုံအတွက် လိုအပ်သည့် ဇာပန်းထည်များကို ပြင်သစ်နိုင်ငံမှ တင်သွင်းသည်ဟု ဆိုသည်။ ယင်းဝတ်စုံချုပ်လုပ်ရာတွင် ပေါင်ငွေကြေး ထောင်နှင့်ချီ၍ ကုန်ကျစရိတ်ရှိကြောင်း အဆိုပါ အလှပြုပြင်ရေး အမျိုးသမီးပြောရေးဆိုခွင့်ရှိသူ လာဗီနီယာလက်စ်ကေးက ပြောကြားသည်။ **(အင်တာနက်)**

နာမည်ကြီး တင်းနစ် အားကစားမယ် ဗီးနပ်စ်ဝီလျံ

တင်းနစ်မယ် ဗီးနပ်စ်ဝီလျံ နိုင်ပွဲပြန်ရပြီ

ဖလော်ရီဒါ မတ် ၂၂

အမေရိကန်နာမည်ကြီး တင်းနစ်အားကစားမယ် ဗီးနပ်စ်ဝီလျံသည် အမေရိကန် ဖလော်ရီဒါ၌ ယှဉ်ပြိုင်ကစားလျက်ရှိသော Sony Ericsson Open တင်းနစ်ပြိုင်ပွဲ ပထမပွဲစဉ်တွင် ကီမီကိုဒိတ်ခရွန်းအား ၆-၀၊ ၆-၃ ဖြင့် အနိုင်ရလိုက်သည်။ သူမသည် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဒဏ်ရာကြောင့် မကစားနိုင်ဘဲ အနားယူနေခဲ့ရာမှ ယခုပြန်လည်ကစားစဉ် ပထမဆုံးနိုင်ပွဲရခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

သင်္ကြန်လည်မည့်ကား ဈေးသက်သက်သာသာ

ခင်ရတနာ - ရေးသားသည်

ရန်ကုန် မတ် ၂၂

သင်္ကြန်ကာလ ရောက်ရှိလာခြင်းကြောင့် ပြည်တွင်းထုတ် ဂျစ်ကားများနှင့် တောင်းအေ့စ်များ၊ လိုက်ထရပ်များ အရောင်းအဝယ် လှုပ်ရှားလာနေကြောင်း ကားဈေးကွက်အတွင်းမှ သိရှိရသည်။

ပိုပြီးစိတ်ဝင်စား

"သင်္ကြန်မှာ ကားလည်ဖို့အတွက် ဒီရာသီက အစပျိုးချိန်လေ။ ဂျစ်ကားကတော့ သင်္ကြန်အတွက် ဈေးအနေနဲ့ရော၊ အသုံးချဖို့အနေနဲ့ပါ အကောင်းဆုံးမို့ ပိုပြီးစိတ်ဝင်စားကြတယ်"ဟု ဟံသာဝတီကားပွဲစားတန်းမှ ကိုအောင်သူရထွန်းက ပြောကြားသည်။

ဂျစ်ကားများသည် သင်္ကြန်ကာလအတွင်း ဈေးနှုန်းသက်သာခြင်းနှင့် ပေါ့ပါးခြင်းတို့ကြောင့် ဝယ်ယူသူ အကြိုက်ဆုံးဖြစ်ပြီး လိုက်ထရပ်များနှင့် တောင်းအေ့စ်များမှာမူ ပြန်လည်ငှားရမ်းလိုသူများက ဝယ်ယူလိုကြကြောင်းသိရှိရသည်။

"အခုအချိန်မှာ ကားဈေးကွက်က ငြိမ်သက်နေပေမယ့် သင်္ကြန်မှာ အသုံးတည့်မယ့် ကားတွေကတော့ လှုပ်နေတာပေ့ါ။ လူကြိုက်များတဲ့

စာမျက်နှာ ၅ ကော်လံ ၃ ○

နောက်ဆုံးရနိုင်ငံတကာသတင်း

ဇော်ဦးခိုင် - ရေးသားသည်

အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားရှိ ရှေးအကျဆုံး ဈေးကြီးအတွင်း မီးလောင်မှုဖြစ်ပွား

ကိုလ်ကတ္တား မတ် ၂၂

အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့ မြောက်ဘက်ရှိ ရှေးအကျဆုံးဈေးကြီးတစ်ခုဖြစ်သော ဟာတီဘာဂန်ဈေးကြီးတွင် မတ် ၂၂ ရက် နံနက် ၂ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ ဈေးကြီးတွင် မီးလောင်မှုဖြစ်ပွားခြင်းကြောင့် ဈေးဆိုင်ခန်းများစွာ မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ *စာမျက်နှာ ၁၀ ကော်လံ ၃* ▲

ကိုရီးယားသရုပ်ဆောင် ကင်မီကောင်း ကန်စွန်းဥစားပြီး ကိုယ်အလေးချိန်လျှော့ချ

အာကာကျော် ရေးသားသည်

ဆိုးလ် မတ် ၂၂

ကိုရီးယားနာမည်ကြီးသရုပ်ဆောင်နဲ့ အဆိုတော် ကင်မီကောင်း ***(ဝဲပုံ)*** *ဟာ ကိုရီးယားရုပ်ရှင်လောကမှာ အောင်မြင်ကျော်ကြားတဲ့ အဆိုတော် ရုပ်ရှင်သရုပ်ဆောင်တစ်ဦး ဖြစ်ပါတယ်။*

ကင်မီကောင်းဟာ ခန္ဓာကိုယ်အလှအပကို အလွန်မြတ်နိုးခုံမင်တတ်သူလည်းဖြစ်ပါတယ်။ ဒါကြောင့် သူမဟာ တစ်နေ့ကို ကန်စွန်းဥတစ်လုံးရဲ့ တစ်ဝက်ကိုသာ နေ့စဉ်စားပြီး ကိုယ်အလေးချိန်ချခဲ့တယ်လို့ ဆိုပါတယ်။ ကန်စွန်းဥစားပြီး နှစ်ပတ်အကြာမှာတော့ သူမဟာ ၁၃ ပေါင်ကျသွားတယ်လို့ဆိုပါတယ်။ သူမဟာ Micro Fiber လို့အမည်ရတဲ့ အချိုရည်ကြော်ငြာတစ်ခုရိုက်နေပါတယ်။ "ကျွန်မ ချောကလက်တွေနဲ့ ကွတ်ကီးမုန့်တွေကို သိပ်ကြိုက်ပါတယ်။ ဒါပေမယ့် ဒါတွေမစားဘဲ ကန်စွန်းဥတစ်လုံးကိုသာ အစိမ်းလိုက် ကိုက်စားတတ်ပါတယ်"လို့ ကင်မီကောင်းရဲ့ပြောကြားချက်ကို SBS ရုပ်သံက ကိုးကားဖော်ပြပါတယ်။

ကင်မီကောင်းရဲ့ ခန္ဓာကိုယ်အလေးချိန်လျှော့ချတဲ့ ဒုတိယလျှို့ဝှက်ချက်တစ်ခုကတော့ အမည်းရောင်အစားအစာတွေစားသုံးခြင်းပဲဖြစ်ပါတယ်။ ဥပမာ နှမ်းနက်ဆီ၊ အမည်းရောင်ပဲသီး၊ နို့နဲ့ချက်တဲ့ အမည်းရောင်ဆန်တို့ပဲဖြစ်ပါတယ်။ သူမဟာ ၂၀၁၀ ခုနှစ်ထဲမှာ Smile လို့အမည်ရတဲ့ကားနဲ့ Mom လို့အမည်ရတဲ့ ရုပ်သံဇာတ်လမ်းတွဲတွေနဲ့ နာမည်ကြီးခဲ့သူဖြစ်ပါတယ်။ ***(အင်တာနက်)***

မြန်မာ့အလင်း (၆၇)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

☆ **မျက်မှောက်ကာလမှာတော့ တပ်မတော်ရဲ့တာဝန်ဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ အသက်ဝိညာဉ်ပမာဖြစ်တဲ့ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးတာဝန်ပါပဲ။ ခေတ်အဆက်ဆက် သမိုင်းပေးတာဝန်၊ အမျိုးသားရေးတာဝန်များကို ကျေပွန်ခဲ့တဲ့ မြန်မာ့တပ်မတော်ဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရာမှာလည်း နိုင်ငံတော်ကပေးအပ်လာတဲ့ အမျိုးသားနိုင်ငံရေးတာဝန်များကိုပါ ဦးလည်မသုန် ထမ်းဆောင်သွားမှာဖြစ်တယ်။**

ကျော်မင်းခေါင်၏ ဆောင်းပါး စာ-၈၊ ၉

☆ **လက်ရာရှင်**

ကန့်ဘလူခင်မောင်ဆွေ၏ ကဗျာ စာ-၉